# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၃၉)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၃-၉-၂၀၁၆ ] ( သောကြာနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော လူနာဆောင်၊ ခွဲစိတ်ခန်း၊ ဝန်ထမ်းအိမ်ရာ (၆) ခန်းတွဲ (၄) ထပ် တစ်ဆောင် ဆောက်လုပ်ခြင်း၊ ဆေးရုံဝင်းခြံ အုတ်တံတိုင်းခတ်ခြင်းနှင့် လမ်းများအား ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်၊ ချွန်းတောင် ကျေးရွာအုပ်စု ကျန်းမာရေးဌာန(ခွဲ)အား ကျန်းမာရေးဌာနအဖြစ် တိုးချဲ့ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းထူး(ခ) ဦးမိုင်းဝင်းထူး၊ နမ့်ဆန် မဲဆန္ဒနယ်၏ **နမ့်ဆန်မြို့နယ်ရှိ ကွမ်ဟယ်နှင့် မြို့သစ်ကျေးလက် ကျန်းမာရေးဌာနများအား (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးသန်းစိုးအောင်၊ ပျဉ်းမနား မဲဆန္ဒနယ်၏ **ပေါင်းလောင်းပြည်သူ့အားကစားကွင်းအား နေပြည်တော် FC ဘောလုံးအသင်းသို့ ငှားရမ်းခဲ့ရာ ထိုကွင်းအား ပြည်သူ့ထံသို့ ပြန်လည်အပ်နှံရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၏ **ပြင်ဦးလွင်မြို့နယ်ရှိ ပြင်စာကျေးလက်ကျန်းမာရေးဌာန(RHC)ကို တိုက်နယ်ဆေးရုံ အဆင့်မြှင့်တင်ပေးရန်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (အောင်ချမ်းသာ)ကို RHC အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးနန်မွန်ထင်၊ မချမ်းဘော မဲဆန္ဒနယ်၏ **နမ်းခမ်းရွာ၊ ဒိန်ချက်ရွာ၊ မန်စွပ်ရွာများတွင် RC အဆောက်အဦ ကျေးလက်ဆေးပေးခန်းများကို ဦးစားပေး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခင်မောင်လတ်၊ မြန်အောင် မဲဆန္ဒနယ်၏ **မြန်အောင်မြို့နယ်အတွင်းရှိ (၁၆)ခုတင်အဆင့် သပြေကုန်းတိုက်နယ်ဆေးရုံနှင့် ရွှေကျင်တိုက်နယ်ဆေးရုံတို့တွင် လိုအပ်သော ကျန်းမာရေး ဝန်ထမ်းများ ခန့်ထားပေးရန်၊ ကနောင်တိုက်နယ်ဆေးရုံတွင် ဓာတ်မှန်စက်ချထားပေးရန်နှင့် ညောင်ပိုင်းအုပ်စုအတွင်းရှိ ဆင်ကျွန်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်းဌာနခွဲ (၁)ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါက်တာဦးထွန်းလင်းမော်၊ ကြခင်း မဲဆန္ဒနယ်၏ **ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းများ၏ အပြောင်းအရွှေ့ဆိုင်ရာ မူဝါဒအား တရားမျှတမှုနှင့် ဘက်လိုက်မှုကင်းစွာ စီမံထားခြင်းရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်က **"အခြေခံပညာရေး ဥပဒေ ရေးဆွဲရာတွင် ကောင်းမွန်ပြည့်စုံပြီး လူထုသဘောထားအမြင်၊ အကြံဉာဏ်များနှင့် ပူးပေါင်းပါဝင်မှုများထင်ဟပ်သော ဥပဒေကောင်းတစ်ရပ် ပေါ်ထွန်းရေး အတွက် လူထုလူတန်းစားအလွှာစုံ ပါဝင်သော အခြေခံပညာရေး ဆွေးနွေးပွဲ အဆင့်ဆင့်ကိုကျင်းပရန် အစိုးရအားတိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော **"အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၃၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်**

**(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၆၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၂) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၃) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊

(၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊

(၅) လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ခွင့် ၁ ရက်၊

(၆) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၇) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊

(၈) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၉) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊

(၁၀) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**သာစည်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော လူနာဆောင်၊ ခွဲစိတ်ခန်း၊ ဝန်ထမ်းအိမ်ရာ(၆) ခန်းတွဲ(၄)ထပ် တစ်ဆောင်ဆောက်လုပ်ခြင်း၊ ဆေးရုံဝင်းခြံအုတ်တံတိုင်းခတ်ခြင်းနှင့် လမ်းများအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သာစည်မြို့နယ် ပြည်သူ့ဆေးရုံကြီးနှင့် ပတ်သက်၍ မေးခွန်းမေးမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးမှာ လူနာဆောင်အသစ်များဆောက်လုပ်ပြီး သုံးစွဲနေသော်လည်း ခွဲစိတ်ခန်းမှာ ဆေးရုံအဟောင်းတွင်ကျန်ခဲ့တဲ့အတွက် လူနာများ ပြောင်းရွှေ့ခွဲစိတ်ရာတွင် အခက်အခဲအများကြီးတွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ လူနာဆောင်အသစ်နှင့်ကပ်လျက်ရှိသော ခွဲစိတ်ခန်းအသစ်ဆောက်လုပ်ပေးရန်လိုအပ်လျက်ရှိပါတယ်။ ဒ့ါအပြင် ဝန်ထမ်းအိမ်ရာမှာလည်း ဆရာမ သုံးဦး၊ အထွေထွေလုပ်သား လေးဦးအတွက်သာရှိပြီး လက်ထောက်ဆရာဝန်နှင့် အခြားအဆင့်ဝန်ထမ်းများ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရာမှာ ဝန်ထမ်းအိမ်ရာမရှိသည့်အတွက် အခက်အခဲများ အများကြီးတွေ့နေရပါတယ်။ ဒ့ါအပြင် မြို့နယ်ပြည်သူ့ဆေးရုံကြီးဝင်းခြံမှာလည်း လုံးဝကာရံထားခြင်းမရှိတဲ့အတွက် လုံခြုံမှုမရှိပါဘူး။ ဒ့ါအပြင် ဆေးရုံအတွင်း အဝင်/အထွက်လုပ်တဲ့လမ်းများမှာလည်း ပျက်စီးယိုယွင်းနေပါတယ်။

ဒါကြောင့်မို့လို့ လေးစားရပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော၊ လူနာဆောင်အသစ်နှင့် ကပ်လျက်ရှိသော ခွဲစိတ်ခန်းအသစ်တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာခြောက်ခန်းတွဲ လေးထပ်တစ်ဆောင် ဆောက်လုပ်ပေးခြင်း၊

**မူကြမ်း**

ဆေးရုံအုတ်တံတိုင်းကာရံခတ်ခြင်း၊ ဆေးရုံဝင်းအတွင်းလမ်းများခင်းခြင်းကို ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ အဆိုပြုတင်ပြထားသောလုပ်ငန်းများအနက် သာစည်မြို့နယ်ဆေးရုံတွင်လိုအပ်လျက်ရှိသော ခွဲစိတ်ခန်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းကို ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြလိုပါသည်။ ဆေးရုံဝန်းကျင်အုတ်တံတိုင်းအပြည့်ခတ်ခြင်းနှင့်စပ်လျဉ်း၍ ဆေးရုံအရှေ့မျက်နှာစာအား အုတ်တံတိုင်းကာရံပေးခြင်း၊ ဆေးရုံဘေးနှစ်ဖက်နှင့် အနောက်ဘက်ခြံစည်းရိုးများအား အုတ်ခုံတုံးမှာ ချိန်းနှင့်ခြံစည်းရိုးဖြင့် ကာရံခြင်းလုပ်ငန်းများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းနှင့် ဆေးရုံတွင်းလမ်းများအား ကွန်ကရစ် ခင်းခြင်းလုပ်ငန်းတို့ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ခုနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ်မှာ ယခုနှစ်အတွင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ထီးချိုင့်မြို့နယ်၊ ချွန်းတောင်ကျေးရွာအုပ်စု ကျန်းမာရေးဌာန(ခွဲ) အား ကျန်းမာရေးဌာနအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကြွရောက်လာတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းက ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် ချွန်းတောင်ကျေးရွာ အုပ်စု ကျန်းမာရေးဌာန(ခွဲ)အား ကျန်းမာရေးဌာနအဖြစ် တိုးချဲ့ဖွင့်လှစ်ခွင့်ပြုပေးဖို့ တောင်းဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ချွန်းတောင်ကျေးရွာအုပ်စုဟာ ထီးချိုင့်မြို့နယ်ရဲ့ တောင်ဘက်စွန်းမှာတည်ရှိပြီး ကျေးရွာပေါင်း ကိုးရွာနဲ့ဖွဲ့စည်းကာ ဧရိယာကျယ်ဝန်းတဲ့ ကျေးရွာ အုပ်စုကြီးဖြစ်ပါတယ်။ အိမ်ခြေပေါင်း ၁၂၄၁ အိမ်၊ အိမ်ထောင်စုပေါင်း ၁၅၉၅ စုနဲ့ လူဦးရေ ၆၀၃၀ ဦး နေထိုင်လျက်ရှိပါတယ်။ ကျန်းမာရေးဌာနအဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ပါက အနီးရှိ ကျီးကန်းထောင့် ကျေးရွာ၊ ရွှေရာသစ်ကျေးရွာများပါ ကျန်းမာရေးစောင့်ရှောက်မှု ရရှိမှာဖြစ်ပါတယ်။ သပိတ်ကျင်း၊ ကန့်ဘလူစတဲ့မြို့နယ်များမှာလည်း နယ်နိမိတ်ချင်းထိစပ်နေပါတယ်။ ချွန်းတောင်ကျေးရွာဟာ ရှေးမြို့ဟောင်းတစ်ခုဖြစ်ပြီး မြသိန်းတန်စေတီတော်၊ သီပေါမင်းတည်ထားခဲ့တဲ့ ဉာဏ်တော်သင့်စေတီ၊ ဘိုးတော်ဘုရားတည်ထားတဲ့ ရွှေဂူတော်ဘုရား၊ မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး၏ ဉာဏ်တော်နှင့် မျက်နှာတော်ပုံစံတူ သကျမုနိမာရဇိန်ဘုရား အစရှိတဲ့ ရှေးဟောင်းအမွေအနှစ်တွေတည်ရှိပြီး စုဘုရားလတ်မိဖုရားရဲ့ အပျိုတော်တစ်ယောက်အပိုင်စားရတဲ့မြို့ဖြစ်ကြောင်း သမိုင်းသုတေသီ မှတ်တမ်းများအရ သိရှိရပါတယ်။ ချွန်းတောင်အုပ်စုထဲမှာရှိတဲ့ရွာများဟာ မင်းဝံတောင်ခြေတန်း တစ်လျှောက်တည်ထားတဲ့ကျေးရွာများဖြစ်ပြီး ကျန်းမာရေးအတွက် ဆက်သွယ်ရေးအလွန်ဝေးလံ ခက်ခဲပါတယ်။ မြစ်ရေကြီးချိန်မှာသာ သွားရလာရအဆင်ပြေသလိုရှိပေမယ့် မြစ်ရေကျချိန် ကုန်းမပေါက်ရေမပေါက်ဆိုရင် လှေမပေါက်၊ လှည်းမပေါက်နဲ့ အတော်ကို ဒုက္ခများကြရပါတယ်။ ကုန်းလမ်းအရ ထီးချိုင့်မြို့နယ်ဆေးရုံကို ၁၅ မိုင်ခန့်နှင့် ညောင်ပင်သာတိုက်နယ်ဆေးရုံကို ငါးမိုင်ခန့် ကွာဝေးတယ်လို့ ထပ်မံသိရပါတယ်။ ကျွန်တော်တို့ရဲ့ခေါင်းဆောင်အကြီးအကဲများ အမြော်အမြင်ရှိစွာ မှာကြားလိုက်တဲ့ မိမိတို့ရဲ့မဲဆန္ဒနယ်မှ မဲဆန္ဒရှင်ပြည်သူတွေဆီကို အရောက်သွားကြဖို့ စကားတစ်ခွန်း ဟာ လက်တွေ့ဘဝမှာ အတော်တန်ဖိုးရှိတယ်ဆိုတာ တွေ့ရပါတယ်။ ဒီချွန်းတောင်ကျေးရွာအုပ်စုကို မဲဆွယ်တဲ့ကာလက ကျွန်တော်မရောက်နိုင်ခဲ့ပါဘူး။ ပြီးခဲ့တဲ့လွှတ်တော်နားရက်ရောက်သွားတဲ့အခါ သွားရေးလာရေးအလွန်ခက်ခဲတယ်ဆိုတာ လက်တွေ့သိခွင့်ရခဲ့တာကလည်း မေးခွန်းမေးဖြစ်ဖို့ အကြောင်း ဖြစ်လာပါတယ်။ ဒါကြောင့် ကျေးရွာပေါင်းကိုးရွာရှိပြီး တစ်ရွာနှင့်တစ်ရွာ နှစ်မိုင်မှ ငါးမိုင် လောက်ထိ ဝေးကွာတဲ့အတွက် ကျေးလက်ကျန်းမာရေးဌာနခွဲမှ တာဝန်ကျဆရာမအနေနဲ့ ဝေးလံ

ကျယ်ဝန်းတဲ့ ဒေသများကို လုံလောက်အောင်မလွှမ်းခြုံနိုင်ပါဘူး။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့က ပြည်ထောင်စု ဝန်ကြီးရှင်းလင်း ဖြေကြားစဉ် ကျေးလက်နေပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး အတွက်၊ ဆက်သွယ်ရေးခက်ခဲသောဒေသများအတွက် ကျန်းမာရေးဌာနအနေနှင့် စည်းကမ်းသတ်မှတ် ချက်များကို လျှော့ပေါ့ပြီးစီစဉ်ဆောင်ရွက်ပေးသွားမယ်လို့ ဖြေကြားချက်အပေါ် ချွန်းတောင်ကျေးရွာ အုပ်စုပြည်သူများမှ အားကိုးတကြီး မျှော်လင့်နေကြပါကြောင်းနှင့် ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ပေး ခြင်းဖြင့် ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပိုမိုပေးနိုင်မှာ ဖြစ်တဲ့အတွက် လေးစား အားထားရတဲ့ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား မေတ္တာရှေ့ထား၍ ကျန်းမာ ရေးဌာန တိုးချဲ့ဖွင့်လှစ်ပေးနိုင်ပါရန် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အထက်ပါမေးခွန်းနှင့်ပတ်သက်၍ ချွန်းတောင်ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာ ရေးဌာနအဖြစ် ကျေးရွာကိုးရွာ၊ အိမ်ခြေ ၁၀၄၁ အိမ်၊ လူဦးရေ ၄၉၂၉ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှု၊ လွှမ်းခြုံမှုပေးလျက်ရှိပါတယ်။ ထီးချိုင့်မြို့နယ်ဆေးရုံနဲ့ ၁၆ မိုင်၊ ညောင်ပင်သာ တိုက်နယ်ဆေးရုံနဲ့ ရှစ်မိုင်၊ ညောင်ပင်သာကျေးလက်ကျန်းမာရေးဌာနနှင့် ရှစ်မိုင်ကွာဝေးပါသည်။ ခရီးလမ်းပန်းဆက်သွယ်ရေးမှာ မိုးရာသီတွင် အနည်းငယ်ခက်ခဲသည်မှလွဲ၍ လွယ်ကူစွာသွားလာနိုင် ပါသည်။ ထီးချိုင့်မြို့နယ်၊ ညောင်ပင်သာရွာ၌ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါ သည်။ တိုက်နယ်ဆေးရုံတွင် ဆရာဝန်တစ်ဦး၊ သူနာပြုနှစ်ဦးဖြင့် လုပ်ဆောင်လျက်ရှိပါသည်။ တိုက်နယ်ဆေးရုံမှာ စတင်ပြီး ဖွင့်တဲ့တိုက်နယ်ဆေးရုံအတွက် သူနာပြုအရေအတွက်ကတော့ နှစ်ဦးသာလျှင်ရှိပါသည်။ သို့သော် ၎င်းနှင့်အနီးမှာရှိတဲ့ ချွန်းတောင်မှာရှိသည့် ကျေးလက်ကျန်းမာ ရေးဌာနခွဲမှာကတော့ ဝန်ထမ်းအပြည့်နှင့် အလုပ်လုပ်လျက်ရှိပါသည်။ ကျန်းမာရေးမှူးတစ်ဦး၊ Lady Health Visitor တစ်ဦး၊ သားဖွားနှစ်ဦး၊ ပြည်သူ့ကျန်းမာရေး PHS-2 နှစ်ဦးနှင့် အစောင့်တစ်ဦးဖြင့်

ဝန်ထမ်းအချိန်ပြည့်ဖြင့် လုပ်ဆောင်လျက်ရှိပါသည်။ ထီးချိုင့်မြို့နယ်သည် ရွှေ့လျားလုပ်သားလူဦးရေ မရှိခြင်း၊ သဘာဝဘေးအန္တရာယ်ကပ်ရောဂါ မကြာခဏဖြစ်ပွားခြင်းစသည့် အရေးပေါ်ပြဿနာများ မရှိသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲမှ အခြေခံပြည်သူ့ကျန်းမာရေးလုပ်ငန်းများအား လူဦးရေ ၄၉၂၇ ဦးအား ထိရောက်စွာ ကုသပေးလျက်ရှိပါသည်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ပြောလိုသည်မှာ ကျေးလက်ကျန်းမာရေးဌာနတစ်ခုကို ဖွင့်လှစ်ရန်အခြေခံအချက်များ ရှိပါသည်။ ဒီအခြေခံအချက်များ နှင့် မညီမညွတ်ဖြစ်နေပါသည်။ ဆိုလိုသည်မှာ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုဖွင့်ရင် လူဦးရေ ၁၀၀၀၀ မှ ၁၅၀၀၀ ထိရှိရမည်ဖြစ်ပါသည်။ လူဦးရေသိပ်သည်းမှုတွေရှိရမည်။ ထို့အပြင် ကျေးလက် ကျန်းမာရေးဌာနပိုင်ကျေးရွာများသည် ကျေးရွာအုပ်စု ၁၀ စုမှ ၁၅ စုအထိ သွားလာနိုင်သောနေရာ ဖြစ်ရပါမည်။ ဖွင့်မည့်ရွာတွေသည် ဗဟိုအချက်အချာကျသည့်ရွာဖြစ်ရပါမည်။ ရောဂါထူပြော၍ မကြာခဏကူးစက်ရောဂါ ဖြစ်ပွားမှုရှိသောနေရာလည်းဖြစ်ရပါမည်။ ထို့အပြင် ရောဂါထူထပ်မှု (Disease Intimacy) လည်းများသည့်နေရာဖြစ်ရပါမည်။ ဤကဲ့သို့ဖြစ်ပေါ်ရန် သို့မဟုတ် ဖြစ်ပေါ်ရန် အလားအလာရှိပါက ကျွန်တော်တို့စဉ်းစားပေးပါသည်။ သို့သော်လည်း အခြား အချက်များဖြစ်သော လူမှုရေးအချက်အလက်များ၊ Subjective Criteria များကိုလည်း ကြည့်၍ ကျွန်တော်တို့ စဉ်းစားပေး ပါသည်။ ကျွန်တော့်အနေနဲ့ ဒီအချက်အလက်များပေါ်မှာ မူတည်လို့ရှိရင်တော့ ကျေးလက်ကျန်းမာရေး ဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ မပေးနိုင်သေးပါ။ သို့သော်လည်း ဒါက ကျွန်တော်တို့ ဆီမှာရှိတဲ့ စာရင်းဇယားအခြေအနေကြည့်၍ ပြောခြင်းဖြစ်ပါသည်။ သို့သော်လည်း ကျွန်တော်တို့ တိုင်းဦးစီးမှူးနှင့် သွားရောက်ပြီးတော့ မြေပြင်အခြေအနေကို လက်တွေ့လေ့လာပါမည်။ လေ့လာ လို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း တကယ်လိုမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဒါကို ပေးဖို့စဉ်းစားပေးမယ်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ ဝန်ကြီးမှ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ တကယ်ကွင်းဆင်းပြီးကြည့်မယ်ဆိုလို့ရှိရင် ချွန်းတောင်ကျေးရွာအုပ်စု ဟာ ဒါလည်း ကျွန်တော်တကယ်ကွင်းဆင်းပြီး ကျွန်တော်ရောက်ခဲ့လို့ သိလို့ ဒီမေးခွန်းမေးရခြင်း ဖြစ်ပါ တယ်။ မိုးတွင်းမှာဆိုလို့ရှိရင် သွားရေးလာရေးအလွန်အင်မတန် ခက်ခဲပါတယ်။ နောက်ပြီးတော့ ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ဝန်ကြီးဖြေတဲ့ဦးရေသတ်မှတ်ချက်ရှိတယ်ဆိုတာကလည်းပဲ ရွာက

ကျေးရွာအုပ်စုကိုးရွာ ဖြစ်တာကတစ်ကြောင်း တစ်ရွာနဲ့တစ်ရွာဟာ အိမ်ထောင်စုကလည်း အလွန်အင်မတန်များတာ မဟုတ်ပေမဲ့ သွားရေးလာရေးအလွန်အင်မတန်ခက်ခဲတဲ့ကျေးရွာတွေဖြစ်တဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ တကယ်မြေပြင်ကိုကွင်းဆင်းပြီး ဝန်ကြီးတွေရဲ့တိုင်းရုံးဒေသဦးစီးအဖွဲ့ကို လွှတ်ပြီးမှ စနစ်တကျလုပ်ပေးမယ်ဆိုရင်တော့ အများကြီးကျေးဇူးတင်ရှိပါတယ်။ စနစ်တကျလွှတ်ပေးဖို့လည်း တောင်းဆိုအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားဖို့မလိုပါဘူး။ ဒါတစ်ဆက်တစ်စပ်တည်းမေးခွန်း မဟုတ်ပါဘူး။

**နမ့်ဆန်မြို့နယ်ရှိ ကွမ်ဟယ်နှင့် မြို့သစ်ကျေးလက်ကျန်းမာရေးဌာနများအား (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး(ခ)ဦးမိုင်းဝင်းထူး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းထူး(ခ)ဦးမိုင်းဝင်းထူး(နမ့်ဆန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လေ့လာသူများနှင့် မိဘပြည်သူများအားလုံး ဘေးဘယာဝေးကွာလို့ အမှန်တကယ် ငြိမ်းချမ်းနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုင်းဝင်းထူး ဖြစ်ပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်မှာရှိတဲ့ ကွမ်ဟယ်နှင့် မြို့သစ်ကျေးလက်ကျန်းမာရေးဌာနတွေကို (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန်နဲ့ ပတ်သက်ပြီးတော့မှ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှာ နမ့်ဆန် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှာ ပြုလုပ်ခဲ့တဲ့ နမ့်ဆန်မြို့နယ်ကိုယ်စားပြု ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှတာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးကြတဲ့အခါမှာ မြို့နယ်နှင့် တောင်ပေါ်ကျေးလက်ဒေသရှိကျန်းမာရေးနဲ့ပတ်သက်တဲ့ လိုအပ်ချက်များ လွှတ်တော်အတွင်း တင်ပြရမယ့်ကိစ္စတွေကို ဆွေးနွေးတဲ့အခါမှာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းအောင်က ဒီကွမ်ဟယ်နှင့် မြို့သစ်ကျေးလက်ကျန်းမာရေးဌာနကို အဆင့်တိုးမြှင့်ပြီးတော့မှ တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ပေးဖို့ လိုအပ်တယ်ဆိုတဲ့ဟာကို ကျေးရွာအုပ်စုတွေနဲ့ ကျေးရွာကနေ တောင်းဆိုနေတယ်ဆိုတဲ့အကြောင်းကို

တင်ပြလာတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီမေးခွန်းကို မေးရတာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုံမှာပြထားတဲ့အတိုင်း ဒီကွမ်ဟယ်တိုက်နယ်ဆေးရုံကို ဖွင့်လှစ်ခွင့်ရရှိမယ်ဆိုရင် အနက်ရောင်ချယ်ထားတဲ့အတိုင်း ကျေးရွာအုပ်စု ခြောက်စု၊ ကျေးရွာပေါင်း ၄၂ ရွာမှာရှိတဲ့ လူဦးရေ ၁၈၃၁၆ ဦးက ဒီရဲ့ အကျိုးကျေးဇူးကို ခံစားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကွမ်ဟယ်ကျေးရွာဆိုရင် ခုတင် ၅၀ ဆံ့တဲ့ ပြည်သူ့ဆေးရုံနဲ့ဆိုရင် ၁၅ မိုင်ခန့်ကွာဝေးတဲ့အတွက်ကြောင့်မို့လို့ သူတို့ အနေနဲ့သွားရောက်ပြီးတော့မှ ကုသခံဖို့ဆိုတာက အင်မတန်မှခက်ခဲနေတဲ့ အနေအထားမျိုးတွေ ရှိတာကို တွေ့ရပါတယ်။ အဲဒီအပြင်ကို ဒီမှာ နယ်စပ်ရေးရာဝန်ကြီးဌာနကနေပြီးတော့မှလည်း ကွမ်ဟယ်တိုက်နယ်ဆေးရုံ အတွက် လိုအပ်တဲ့အဆောက်အဦးတွေကို ဆောက်လုပ်ပြီးသားဖြစ်ပါတယ်။ သို့သော် အဲဒီကနေပြီးတော့မှ ကျန်းမာရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးထားခြင်းမရှိသေးတဲ့ အတွက်ကြောင့်မို့လို့ တိုက်နယ်ဆေးရုံအတွက် လိုအပ်တဲ့ဖြည့်ဆည်းမှုတွေကို ဘာမှလုပ်ဆောင်ပေးနိုင်တာ မရှိသေးတာကို တွေ့ရပါတယ်။ ပုံမှာ တည်ဆောက်ပေးတဲ့အဆောက်အဦ တိုက်နယ်ဆေးရုံဖြစ်ပါတယ်။ ဘာမှလုပ်ဆောင်ပေးထားခြင်းမရှိသေးတဲ့အတွက်ကြောင့်မို့လို့ အသုံးပြုလို့လည်းမရသေးပါဘူး။ လက်ရှိအကျိုးပြုမှုလည်း မရှိသေးပါဘူး။ အဆောက်အဦသက်သက်ပဲ ရှိနေပါသေးတယ်။ တိုက်နယ်ဆေးရုံ ပတ်ဝန်းကျင်မှာဆိုလည်း မြက်ပင်တွေ၊ ခြုံတွေပေါက်နေတာကို တွေ့ရတယ်။ အကာအရံတွေမရှိတဲ့ အတွက်ကြောင့်မို့လို့လည်း ကျွဲ၊ နွား၊ တိရစ္ဆာန်တွေ ဝင်ရောက်ဖျက်ဆီးမှာလည်း စိုးရိမ်ရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်ဖို့လိုအပ်မယ်ဆိုတဲ့ဟာကို ကျွန်တော်တို့ပြောလိုတာ ဖြစ်ပါတယ်။

နောက်ထပ်ကျွန်တော်တို့ မြို့သစ်တိုက်နယ်ဆေးရုံ ဖွင့်လှစ်ပေးဖို့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးလိုတာကတော့ ဒီမြို့သစ်တိုက်နယ်ဆေးရုံ ဖွင့်လှစ်ဖြစ်ခဲ့မယ်ဆိုရင် ပုံမှာပြထားတဲ့အတိုင်း ကျေးရွာအုပ်စုခြောက်အုပ်စု ကျေးရွာပေါင်း ၂၂ ရွာ ကနေ လူဦးရေ ၁၉၀၈၂ ဦးကနေပြီးမှ ဒီရဲ့အကျိုးကျေးဇူးကို ရရှိမှာဖြစ်ပါတယ်။ မြို့သစ်ကျေးရွာဆိုရင်လည်း ပြည်သူ့ဆေးရုံကြီးဖြစ်တဲ့ နမ့်ဆန်မြို့နယ်နဲ့ ၁၄ မိုင်ခန့်အကွာအဝေးရှိနေပြီးတော့မှ တောင်ပေါ်နေ ကျေးလက် လက်ဖက်စိုက်ပျိုးထုတ်လုပ်ရောင်းချတဲ့တောင်သူတွေအတွက် အထူးအားထားတဲ့အရာဆိုလို့ ဒီကျေးလက်ဆေးပေးခန်းပဲ ရှိပါတယ်။ အဲဒါကြောင့်မို့လို့ တိုက်နယ်ဆေးရုံဖွင့်လှစ်ဖို့ လိုအပ်မှာဖြစ်တယ်ဆိုတဲ့အကြောင်းကို ပြောလိုပါတယ်ခင်ဗျား။ တောင်ပေါ်ဒေသမှာ သွားလာရေးခက်ခဲတဲ့နေရာလည်းဖြစ်တယ်။ မိုးတွင်းကာလမှာ

ဆိုရင် မြေလမ်းတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ လမ်းချော်တာတွေ၊ ဘာတွေ အထူးပဲ ဆေးရုံရှိတဲ့ နေရာကိုသွားဖို့ ခက်ခဲနေတဲ့အနေအထားမှာ ရှိပါတယ်။ ဒီ မြို့သစ်ကျေးလက်ကျန်းမာရေးဌာနကနေ ပြီးမှတိုက်နယ်ဆေးရုံတိုးဖွင့်မယ်ဆိုရင်လည်း သူ့အတွက်လိုအပ်တဲ့ မြေနေရာတွေ အဆင်သင့်ရှိပြီးတဲ့ အကြောင်း၊ မြေနေရာရှိထားပြီးသားရှိတာကိုလည်း တင်ပြထားပြီးဖြစ်ပါတယ်။ အကယ်၍ လက်ရှိ တင်ပြထားတဲ့ နေရာက မလုံလောက်ဘူး အကျယ်အဝန်းက မလုံလောက်ဘူးဆိုရင်လည်း နောက်ထပ် နေရာအသစ်တွေရှိတယ်ဆိုတဲ့အကြောင်းကိုလည်း တင်ပြထားတာကို တွေ့ရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီမေးခွန်းကို ၂၀၁၅-၂၀၁၆ မှာတုန်းကလည်း ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကနေပြီးမှ ကွမ်ဟယ်နဲ့ မြို့သစ်တိုက်နယ်ဆေးရုံဖွင့်လှစ်ခွင့်နဲ့ ဖွဲ့စည်းပုံခွင့်ပြု ချက်ရရှိမယ်ဆိုရင် လိုအပ်တဲ့အဆောက်အဦးတွေလုပ်ဆောင်ပေးသွားမယ်လို့ ရှမ်းပြည်နယ်လွှတ်တော် မှာ ဖြေကြားသွားတာကို တွေ့ရပါတယ်။ ဒါပေမဲ့ အခုအချိန်အထိ ဘာမှလုပ်ဆောင်ပေးတာကို မရှိသေး တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျေးလက်နေတောင်ပေါ် လက်ဖက်တောင်သူတွေအစား ဝန်ကြီးကိုမေးလိုတာကတော့ ကွမ်ဟယ်ကျေးရွာမှာရှိတဲ့ နယ်စပ် ရေးရာဝန်ကြီးဌာနကဆောက်လုပ်ပေးထားတဲ့ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဆောက်အဦကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးကာ ကျေးလက်ကျန်းမာရေးဌာနကနေပြီးမှ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ်သို့ ဖွဲ့စည်းပုံနှင့်အညီ အဆင့်မြှင့်တင်ပေးရန်နှင့် မြို့သစ် ကျေးရွာမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနအား ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ်သို့ ဖွဲ့စည်းပုံ နှင့်အညီ အဆင့်မြှင့်တင်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ မရှိပါက အဘယ်ကြောင့်နည်း။ ရှိသည်ဆိုပါက မည်သည့်အချိန်တွင်လုပ်ဆောင်ပေးမည်ကို ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်တွင် ခုတင် ၅၀ ဆံ့ မြို့နယ်ဆေးရုံ တစ်ရုံ ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ ပလောင်ကိုယ်ပိုင်ခွင့်ရသော နမ့်ဆန်မြို့နယ်၊ ကွမ်ဟယ်ကျေးရွာ

တွင် တိုက်နယ်ဆေးရုံအဆောက်အဦကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ရေးရာဝန်ကြီး ဌာန၏ ရန်ပုံငွေဖြင့် ဆောက်လုပ်ပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ကွမ်ဟယ်ကျေးရွာတိုက်နယ် ဆေးရုံ ဖွဲ့စည်းခွင့်အမိန့်ရရှိရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ခွင့်ရရှိရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ပါတယ်။ သို့ရာတွင် အသစ်တိုးချဲ့ဖွင့်လှစ်ခြင်းကိစ္စများ အား ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြန်လည်ရုပ်သိမ်းပေးရန် အကြောင်းကြားခဲ့ပြီး စီမံကိန်းနှင့်ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့မှလည်း ၁၇-၂-၂၀၁၆ ရက်စွဲပါဖြင့် ဖွဲ့စည်းပုံအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှသာ ပြန်လည်တင်ပြရန်ဖြစ်ကြောင်း အမှုတွဲများနှင့်အတူ ပြန်လည်ပေးပို့ခဲ့ပါသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြနိုင်ရေးအတွက် ပြန်လည် ရုပ်သိမ်းလိုက်သည့် ဖွဲ့စည်းပုံအဆိုပြုချက်အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး၌ အတည်ပြုချက်ရယူပြီး ကွမ်ဟယ်ကျေးရွာ၏ တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ် နိုင်ရန် ဖွဲ့စည်းပုံခွင့်ပြုမိန့်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ် ဖြစ်ပါသည်။

ရှမ်းပြည်နယ်၊ နမ့်ဆန်မြို့နယ် ကွမ်ဟယ်ကျေးလက်ကျန်းမာရေးဌာနအား ၁၆ ခုတင် တိုက်နယ် ဆေးရုံအဆင့် တိုးမြှင့်ခွင့်အမိန့်ရရှိပါက ကွမ်ဟယ်ကျေးရွာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဘဏ္ဍာငွေဖြင့် ဆေးရုံအဆောက်အဦ တည်ဆောက်ပြီးဖြစ်သော်လည်း အခြားလိုအပ်သော ဝန်ထမ်း အိမ်ရာနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ကုသရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ယခုနှစ်မှစ၍ နှစ်စဉ်စီမံကိန်းများတွင် ရန်ပုံငွေ အဆိုပြုတင်ပြတောင်းခံပေးမည် ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြလိုပါသည်။

ဒုတိယအချက်ဖြစ်သည့် မြို့သစ်ကျေးလက်ကျန်းမာရေးဌာနပိုင်မြေတွင် ကျေးရွာပေါင်း ၂၂ ရွာ၊ အိမ်ခြေ ၂၆၀၀ အိမ်နဲ့ လူဦးရေ ၂၁၀၀၀ ခန့်ရှိပါတယ်။ နမ့်ဆန်မြို့နယ်ဆေးရုံနှင့် ၂၄ မိုင်ကွာဝေး သော်လည်း ယခု တိုက်နယ်ဆေးရုံဖွင့်လှစ်မည့် ကွမ်ဟယ်ကျေးလက်ကျန်းမာရေးဌာနနှင့် ထိစပ်လျက် ရှိပါသည်။ သို့ဖြစ်ပါ၍ နမ့်ဆန်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကွမ်ဟယ်တိုက်နယ်ဆေး ရုံ ဖွဲ့စည်းခွင့်အမိန့်ရရှိရန် အလျင်အမြန်ဆောင်ရွက်ပေးမည်ဖြစ်ပြီး မြို့သစ်ကျေးလက်ကျန်းမာရေး ဌာနအား တိုက်နယ်ဆေးရုံအဖြစ်တိုးမြှင့်ပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါ။ ကျွန်တော်တို့ အနေနဲ့ ဘတ်ဂျက်ရမည်ဆိုပါက မည်သည့်ဆေးရုံမဆို အဆင့်လည်းမြှင့်လိုပါတယ်။ အားလုံးလည်း လုပ်လိုပါတယ်။ သို့သော် ဒီနေရာမှာ ကျွန်တော်တစ်ချက်တင်ပြတာက အဆောက်အဦသည် လွယ်ပါ

တယ်။ အဆောက်အဦရတိုင်း ဖြည့်ရမှာက လူအင်အားဖြည့်ရမယ်။ ပစ္စည်းအင်အားဖြည့်ရမယ်။ အဲဒီကိစ္စတွေကိုတော့ ကျွန်တော်တို့မှာရှိတဲ့ ဘတ်ဂျက်ကို ဦးစားပေးစနစ်နဲ့ လုပ်သင့်တာတွေကို အကုန်လုပ်ပါတယ်။ ပိုက်ဆံရရင် ရသလို အားလုံးကို လုပ်ပေးပါမယ်။ ဒါဟာ အားလုံးဟာ ပြည်သူအတွက်ဖြစ်တဲ့အတွက် ကျွန်တော်တို့က ဒါကိုလုပ်ဖို့ လုံးဝဝန်မလေးပါဘူး။ တစ်ခုပဲ ကျွန်တော် တင်ပြတာက။ နောက်နှစ် ဘတ်ဂျက် ပြည်သူ့လွှတ်တော်မှာ တင်ပြတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများဟာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ကိုတော့ ထောက်ခံပေးပါလို့ ကျွန်တော်တင်ပြလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ပေါင်းလောင်းပြည်သူ့အားကစားကွင်းအား နေပြည်တော် FC ဘောလုံးအသင်းသို့ ငှားရမ်းခဲ့ရာ ထိုကွင်းအား ပြည်သူ့ထံသို့ ပြန်လည်အပ်နှံရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းစိုးအောင်(ပျဉ်းမနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ပျဉ်းမနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင် ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါင်းလောင်းပြည်သူ့အားကစားကွင်းအား ၁၉၇၃ ခုနှစ်တွင် ရဟန်းရှင်လူပြည်သူများ၊ တပ်မတော်သားများ၊ ကျောင်းသားများ စုပေါင်းအားဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့ပါတယ်။ ထိုသို့တည်ဆောက်ရာတွင် အားကစားဝန်ကြီးဌာနမှ တစ်ပြားတစ်ချပ်မှ ပံ့ပိုးမှုမယူဘဲ မြို့နယ်သူမြို့နယ်သားများ၏ ငွေအင်အား၊ လူအင်အားဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်ခင်ဗျား။ ၁၉၇၃ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ မြို့မိမြို့ဖများ၏ စီမံခန့်ခွဲမှုအောက်တွင် အားကစားပြိုင်ပွဲပေါင်း များစွာကျင်းပနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားပေါင်းမြောက်မြားစွာ မွေးထုတ်နိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၀ ခုနှစ်တွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအတွက် အသင်းများထူထောင်ခဲ့ပါတယ်။ ထိုသို့ထူထောင်ရာမှာ နေပြည်တော် FC အသင်းဖြစ်လာရန်ရည်ရွယ်ပြီး ကွင်းရှာတဲ့အခါ ပေါင်းလောင်းပြည်သူ့အားကစားကွင်းကို မျက်စိကျခဲ့ကြပါတယ်။ သို့ပေမဲ့ ထိုကွင်းဟာ အားကစားဝန်ကြီးဌာနပိုင်ကွင်းမဟုတ်တော့ အခက်တွေ့ခဲ့ရပါတယ်။ နေပြည်တော် FC အသင်းဖြစ်လာရန်အတွက် အားကစားဝန်ကြီးဌာနမှ နေပြည်တော်မြို့တော်ဝန်ထံ မြေသိမ်းအမိန့်ထုတ်

ပေးပါရန် ၁၄-၂-၂၀၁၁ ရက်စွဲဖြင့် မေတ္တာရပ်ခံ ညှိနှိုင်းစာပေးပို့ခဲ့ပါတယ်။ ထို့နောက် နေပြည်တော်စည်ပင်မှ ပေါင်းလောင်းပြည်သူ့အားကစားကွင်းကို သိမ်းယူကာ အား/ကာအမည်ပေါက်ဖြစ်အောင်ဆောင်ရွက်ခဲ့ပြီး နေပြည်တော် FC အသင်းသို့ငှားရမ်းခဲ့ပါတယ်။ ထိုအချိန်မှစပြီး ပျဉ်းမနားမြို့နယ်အတွင်းရှိ မျိုးဆက်သစ်လူငယ်များအတွက် အားကစားဆောင်ရွက်ရန် ကွင်းပျောက်ခဲ့ရပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘောလုံးကွင်းငှားရာတွင် စာချုပ်စာတမ်းများနှင့်ငှားရမ်းခဲ့ပါတယ်ခင်ဗျား။ ဘောလုံးအသင်းတိုးတက်အောင် အမြဲဆောင်ရွက်ရမည်ဟု ချုပ်ဆိုထားသော်လည်း ယခင်နှစ်ကဆိုလျှင် နေပြည်တော်အသင်းဟာ မြန်မာနေရှင်နယ်လိဂ်မှ တန်းဆင်းခဲ့ရပါတယ်ခင်ဗျား။ ငှားရမ်းထားသော အားကစားကွင်းအပေါ် အာဏာပိုင်များ၏ကြီးကြပ်မှု၊ ခွင့်ပြုမှုဖြင့်အားကစားပွဲများ၊ ဘောလုံးပွဲများ ကျင်းပခွင့်ကို မိမိလုပ်ငန်းစဉ်နှင့် တိုက်ဆိုင်မနေလျှင် အခမဲ့သုံးစွဲခွင့်ပြုရမည်။ လေ့ကျင့်ရန်အတွက်လည်း ခွင့်ပြုရမည်လို့ ချုပ်ဆိုထားသော်လည်း ငှားရမ်းခဲ့တဲ့အချိန်မှစတင်ကာ အကြောင်းအမျိုးမျိုးပြကာ မည်သည့်ပြိုင်ပွဲမှ ပြုလုပ်ခွင့်မရတော့ပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုကွင်းကို အခမဲ့ငှားရမ်းပြီး သုံးနှစ်ပြည့်၍ ဆက်လက်ငှားရမ်းရန်အတွက် ၂၄-၄-၂၀၁၄ ရက်နေ့ ကျင်းပသော နေပြည်တော်ကောင်စီအစည်းအဝေးတွင် နေပြည်တော်ကောင်စီဝင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် နေပြည်တော် FC အသင်းတို့မှ တာဝန်ရှိသူများ၊ ဆွေးနွေးပွဲတွင် ဤအားကစားကွင်းကို ပြည်သူလူထုထံသို့ ပြန်လည်ပေးအပ်သင့်ကြောင်း မေတ္တာရပ်ခံပြီး ဆုံးဖြတ်ခဲ့သော်လည်း ယခုထိ အလေးထားဆောင်ရွက်ခြင်းမရှိသေးပါခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ပြည်သူ့အစိုးရလက်ထက်တွင် မုံရွာပြည်သူ့အားကစားကွင်း၊ ပဲခူးပြည်သူ့အားကစားကွင်းတို့အား သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များမှ ပြည်သူ့ထံသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း ကြားသိရပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားမြေအသုံးချမှုမူဝါဒ အပိုင်း(၁) အခန်း(၃) ပုဒ်မ ၈ ပုဒ်မခွဲ(ည)တွင် မြေအသုံးချမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များချရာတွင် အများပြည်သူတို့၏အကျိုးစီးပွားနှင့် ပုဂ္ဂလိကကုမ္ပဏီတို့၏အကျိုးစီးပွားကို ယှဉ်ပြိုင်လာပါက အများပြည်သူတို့၏အကျိုးစီးပွားကို ဦးစားပေးရန်ဟု ပြဋ္ဌာန်းထားခဲ့ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ပျဉ်းမနားမြို့နယ် ပျဉ်းမနားမြို့ရှိ ပြည်သူလူထုလုပ်အားဖြင့် တည်ဆောက်ခဲ့သော ပေါင်းလောင်း ပြည်သူ့အားကစားကွင်းအား ပြည်သူ့ထံသို့ ပြန်လည်အပ်နှံရန် အစီအစဉ်ရှိ/မရှိနှင့် ရှိ

ပါက မည်သည့်အချိန်တွင် အပ်နှံမည်ဖြစ်ကြောင်းကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပျဉ်းမနား ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ဘောလုံးအားကစား ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိစေရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် နှစ်ရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ကာ ဝန်ကြီးချုပ်ရုံး၏ ကြီးကြပ်လမ်းညွှန်ချက်အရ နေပြည်တော်၊ ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားကွင်းအပါအဝင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ဘောလုံးအားကစားကွင်းပေါင်း ၂၄ ကွင်းအား ၂၁-၆-၂၀၁၁ ရက်နေ့တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဦးစီးကာ သက်ဆိုင်ရာဘောလုံးကလပ်အသင်းများသို့ ကနဦး သုံးနှစ်အခမဲ့ပေးခဲ့ပြီး အဆိုပါအခမဲ့ငှားရမ်းသည့် ကာလပြည့်သည့်နေ့မှစ၍ တစ်နှစ်လျှင် သိန်း ၃၀ ဖြင့် ဆက်လက်စာချုပ်ချုပ်ဆိုပေးခဲ့ရပါတယ်။ ယခင်က ပေါင်းလောင်းအားကစားကွင်းအတွင်းတွင် နှစ်ထပ်သွပ်မိုးအုတ်ကာပျဉ်ခင်း အထူးတန်းပွဲကြည့်စင်တစ်ခု၊ နှစ်ထပ်သွပ်မိုးအုတ်ကာပျဉ်းခင်း ရိုးရိုးတန်းပွဲကြည့်စင်တစ်ခု၊ အရှေ့ဘက်တွင် ရိုးရိုးတန်းပွဲကြည့်စဥ်တစ်ခုရှိကာ ကွန်ကရစ်လမ်းခင်းနှစ်ခုတို့အား နိုင်ငံတော်မှကျပ်ငွေ ၃၀၀၀၀ နှင့် ဒေသခံပြည်သူများမှ လှူဒါန်းငွေ ၉.၇ သိန်း စုစုပေါင်း ကျပ် ၁၀ သိန်းဖြင့် ရဟန်းတစ်ပါးနှင့် ပုဂ္ဂလိက လူပုဂ္ဂိုလ်လေးဦးတို့မှ လှူဒါန်းသောမြေ ၁၄.၆ ဧကပေါ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ ပေါင်းလောင်းကစားကွင်းအား ဂရန်ဝန်ဆောင်စရိတ်အဖြစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ကျပ်ငွေ ၂၈၆.၁၈ သိန်းအား နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ ပေးသွင်းခဲ့ပြီး ပျဉ်းမနားမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အမည်ပေါက်ဖြင့် နှစ် ၃၀ မြေဂရန်ရရှိခဲ့ပြီးသော အားကစားကွင်းတစ်ကွင်းဖြစ်ပါတယ်။ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲအတွက် ဘောလုံးကလပ်အသင်းများကို အားကစားကွင်းများ နှစ်ရှည်ငှားရမ်းအသုံးပြုခွင့်ပေးရာတွင် အားကစားကွင်းများ အဆင့်မြှင့်တင်ထိန်းသိမ်းသည့် ဘောလုံးကလပ်အသင်းများရှိသလို အားကစားကွင်းကို အဆင့်မြှင့်တင်ထိန်းသိမ်းမှုမရှိသည့် ဘောလုံးကလပ်အသင်းများလည်း ရှိပါတယ်။

နေပြည်တော် FC ဘောလုံးကလပ်အသင်းအနေဖြင့် ရှိပြီးသောပွဲကြည့်စင်များအား အကြီးစားပြုပြင်မွမ်းမံခဲ့သည့်အပြင် အားကစားကွင်း၏တောင်ဘက်နှင့် မြောက်ဘက်အတွင်းတွင် ရိုးရိုးတန်းပွဲကြည့်စင်ကြီးများ အမြင့် ၃၅ ပေရှိ Inner Fencing၊ အဝင်လမ်း ကွန်ကရစ်ခင်းခြင်း၊ Transformer များ အီလက်ထရောနစ် LED Score ဘုတ်များ၊ မီးတိုင်စင်များ၊ ကျယ်ဝန်းသော ကားပါကင်၊ အများသုံးသန့်စင်ခန်းများ ကုန်ကျစရိတ်ရန်ပုံငွေများစွာကို ကလပ်အသင်း၏ ကိုယ်ပိုင်ငွေဖြင့် စိုက်ထုတ်ရင်းနှီး၍ ပြုပြင်မွမ်းမံတည်ဆောက်ထားကြောင်း တွေ့ရပါတယ်။ အထူးကောင်းမွန်သော လုပ်ဆောင်ချက်ဖြစ်ပါတယ်။ နေပြည်တော် FC ကလပ်အားလည်း ဤနေရာမှ ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။

ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း ပြန်လည်အပ်နှံရေးကိစ္စနှင့်ပတ်သက်၍ နေပြည်တော် FC ဘောလုံးကလပ်အသင်းအား ဆက်သွယ်မေးမြန်းခဲ့ရာ ပေါင်းလောင်းအားကစားကွင်း နှစ်ရှည်စာချုပ် ချုပ်ဆိုငှားရမ်းမှုအား ရပ်စဲ၍ ဘောလုံးကလပ်အသင်းမှ အဆင့်မြှင့်ပြုပြင်မွမ်းမံတိုးချဲ့ဆောက်လုပ်ပြီးစီးသော အဆောက်အဦများကို ဖျက်သိမ်းခြင်းမပြုဘဲ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတစ်ဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လျှုဒါန်းလွှဲပြောင်းလက်ခံနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သဘောတူညီမှုရရှိပြီးဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှလည်း ပြန်လည်လွှဲပြောင်းလက်ခံရရှိပါက ဌာန၏အစီအစဉ်ဖြင့် ပြည်သူလူထုများအားစနစ်တကျလေ့ကျင့်ကစားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ပြင်ဦးလွင်မြို့နယ်ရှိ ပြင်စာကျေးလက်ကျန်းမာရေးဌာန(RHC)ကို တိုက်နယ်ဆေးရုံအဆင့်မြှင့်တင်ပေးရန်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (အောင်ချမ်းသာ)ကို RHC အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံး မင်္ဂလာပါလို့ ပထမနှုတ်ခွန်းဆက်လိုပါတယ်။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ လူဦးရေ ၄၀၀၀၀ ခန့်တာဝန်ယူနေရသော ပြင်ဦးလွင်မြို့နယ်ရှိ ပြင်စာကျေးလက်ကျန်းမာရေးဌာန(RHC-Rural Health Centre)ကို တိုက်နယ်ဆေးရုံအဆင့်

မြှင့်တင်ပေးပါရန်အစီအစဉ်ရှိ/မရှိနဲ့ (၂)ကတော့ ကျေးလက်ကျန်းမာရေးဌာနခွဲ Sub Centre ဖြစ်တဲ့ အောင်ချမ်းသာကို RHC အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်း မေးမြန်းလိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်ကတော့ ပြင်စာကျေးလက်ကျန်းမာရေးဌာနဟာ ဖွဲ့စည်းပုံမှာ ဆိုလို့ရှိရင် ကျန်းမာရေးမှူးတစ်ဦး၊ Lady Health Visitor အမျိုးသမီးကျန်းမာရေးဆရာမတစ်ဦးနဲ့ Grade-2 ခြောက်ဦး၊ Mid Wife ခြောက်ဦးရှိပါတယ်။ သို့သော်လည်း ဒီနေရာမှာ Grade-2 နှစ်ဦးပဲရှိပါတယ်။ နောက်တစ်ခုကတော့ ပြင်စာကျေးလက်ကျန်းမာရေးဌာနရဲ့ တာဝန်ယူထားရတဲ့ ဧရိယာဟာ 500 Square mile ရှိပါတယ်။ တောင်နဲ့မြောက်နဲ့ပြောမယ်ဆိုလို့ရှိရင် မိုင် ၄၀ လောက်ဝေးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ပြင်စာကနေပြီးတော့မှ အနီးစခန်း ဈေးကုန်း Sub Centre အထိ ကိုးမိုင်လောက်ဝေးပါတယ်။ ပြင်စာကနေပြီးတော့ နောက်ထပ် ခြောက်ထပ်ကွေ့၊ ကိုးထပ်ကွေ့ ဆင်းပြီးတော့ အုန်းကျောရွာကိုဖြတ်ပြီးတော့ ဒုဋ္ဌဝတီမြစ်ရိုးတစ်လျှောက်မှာ မိုင် ၂၀ လောက်ထပ် သွားပြီးတော့ ဝွေးပင်ကျေးရွာ Sub Centre ဆိုတာ ရဲရွာရေအားလျှပ်စစ်စီမံကိန်းနားက သဗျူရွာအထိ တာဝန်ယူဆောင်ရွက်ရပါတယ်။ အရှေ့နှင့် အနောက်နဲ့ဆိုရင် ၁၃ မိုင် လောက်ကျယ်ပါတယ်။ အဲဒါကြောင့်မို့လို့ ပြင်ဦးလွင်မြို့နယ်မှာရှိတဲ့ ပြင်စာကျေးလက်ကျန်းမာရေးဌာနဟာ လူဦးရေကလည်း ၄၀၀၀၀ လောက် တာဝန်ယူနေရပါတယ်။ ဧရိယာအားဖြင့်လည်း ကျယ်ပါတယ်။ Sub Centre ကတော့ ငါးခုရှိပါတယ်။ လူဦးရေကလည်း ၄၀၀၀၀ လောက်မှာ အနီးစခန်းဈေးကုန်းနဲ့ အောင်ချမ်းသာကြီးပဲ နှစ်ခုတည်းကို ၁၅၀၀၀ လောက်ရှိပါတယ်။ ကျန်တဲ့ ဒီဘက်က ပြင်စာက ၂၅၀၀၀ လောက်ရှိပါတယ်။ အဲဒီတော့ ကျေးလက်ရွာတွေကလည်း ၄၆ ရွာလောက် တာဝန်ယူရပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့က ရှမ်းပြည်နယ် တရုတ်ပြည်သွားတဲ့လမ်းမှာရှိတဲ့အတွက် Road Transport Accident ကလည်း တစ်နှစ်တစ်နှစ်ကို ကျေးလက်ကျန်းမာရေးဌာနရောက်တာ ၁၆၇ ယောက်ရှိပါတယ်။ နှစ်ဦးသေတယ်။ ကျန်တာတွေက မန္တလေးကို ၂၇ မိုင်ဝေးတယ်။ ပြင်ဦးလွင် သို့ ၁၅ မိုင်ဝေးပါတယ်။ အဲဒီကိုပို့တဲ့ လူနာတွေရှိပါတယ်။ နောက်ကျေးလက်ကျန်းမာရေးဌာနမှာ ဆိုလို့ရှိရင် Immunization ကအရေးကြီးပါတယ်။ တစ်နှစ်အောက်ကလေးတွေက ၉၀၀ ရာလောက်ရှိပြီးတော့၊ ကိုယ်ဝန်ဆောင်မိခင်တွေကလည်း တစ်နှစ်တစ်နှစ်ကို ၉၀၀ လောက်ဆိုတော့ ဒီလောက်ကျယ်တဲ့ ဧရိယာမှာ Coverage ရဖို့ဆိုတာ မလွယ်ပါဘူး။ Immunization ကိုစိတ်ပူတာကတော့ Immunization ကို Coverage မရရင် နာဂတောင်တန်းမှာဖြစ်သလို၊ ဒါမှမဟုတ်လို့ရှိရင် မင်္ဂလာဒုံ မှာဖြစ်သွားသလို ဒါတွေဟာ တကယ်တော့ DPT ခေါ်တဲ့ ဆုန်ဆို့၊ ကြက်ညှာ၊ မေးခိုင်းကာကွယ်

ဆေးသာ တကယ်ထိုးရင် ရောဂါဟာ ကူးစက်ရောဂါမဖြစ်နိုင်ပါဘူး။ အဲဒီတော့ ကူးစက်ရောဂါ တစ်ယောက်၊ နှစ်ယောက်လွတ်သွားတာနဲ့ သူကနေပြီးတော့ ထပ်ပြီးတော့ ကူးတဲ့အတွက် ကျွန်တော်တို့ အဲဒီလို စိတ်မချမ်းမြေ့ဖွယ်ရာ တွေတွေ့ရပါတယ်။ School Health အနေနဲ့ပြောရမယ်ဆိုရင် ကျောင်းပေါင်း ၄၀ လောက်တော့ တာဝန်ယူရ ပါတယ်။ Primary School က ၃၅ ကျောင်း၊ Middle School သုံးကျောင်း၊ High School က နှစ်ကျောင်း ကျောင်းသားဦးရေအားဖြင့်ဆိုရင် ၇၇၅၅ ယောက်ရှိပါတယ်။ အဲဒါ ကျွန်တော် ဒီနေရာမှာ ပြောချင်တာကတော့ ဘာလဲဆိုရင် ဇီးပင်ကြီးမှာ ကတော့ ဆေးရုံရှိပါတယ်။ သို့သော်လည်း ဇီးပင်ကြီးဆေးရုံသည် ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ရဲသင်တန်း ကျောင်းနဲ့ မီးသတ်သင်တန်းကျောင်းဆိုပြီးတော့ အဓိကထားပြီး ဖွင့်ပေးခဲ့တာဖြစ်ပါတယ်။ ဇီးပင်ကြီး ကျေးရွာမှာရှိတဲ့ ဆေးရုံကိုသွားမယ်ဆိုရင်လည်း ကျွန်တော်တို့က ချောက်ထပ်ကွေ့ကိုဆင်းပြီးတော့မှ နောက်ထပ်အဲဒီလမ်းကနေပြီးတော့မှ နှစ်မိုင်လောက်ဝင်ပြီးတော့မှ ကျွန်တော်တို့က အဲဒီဆေးရုံကို ရောက်မှာဖြစ်ပါတယ်။ ပြင်ဦးလွင်သွားမယ်ဆိုလို့ ရှိရင်လည်း ၁၅ မိုင် ဝေးပါတယ်။ အဲဒါကြောင့်မို့လို့ ဒီပြင်စာရေိယာမှာဆိုလို့ရှိရင်လည်း Floating Population တွေမပါသေးပါဘူး။ Floating Population ဆိုတာက-----------------။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် လူဦးရေ ၂၅၀၀၀၀ ကျော်နေထိုင်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုများဖြင့် ခုတင် ၃၀၀ ခန့် ပြည်သူ့ဆေးရုံကြီးတစ်ရုံ၊ ဇီးပင်ကြီးခုတင် ၅၀ ဆံ့ ဆေးရုံတစ်ရုံနှင့် ဝက်ဝံတိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံသုံးရုံဖွင့်လှစ်ထားပါတယ်။ ပြင်စာကျေးလက် ကျန်းမာရေးဌာနပိုင်နယ်မြေတွင် ကျေးရွာပေါင်း ၄၆ ရွာ၊ အိမ်ခြေ ၈၄၇၆ အိမ်၊ လူဦးရေ ၃၆၇၆၃ ဦး ရှိပါတယ်။ ပြင်စာကျေးလက်ကျန်းမာရေးဌာနသည် ပြင်ဦးလွင်ဆေးရုံကြီးနှင့် ၁၆ မိုင်ခန့်အကွာ၊ ဇီးပင်ကြီး ခုတင် ၅၀ ဆံ့ဆေးရုံနှင့် ၅ မိုင်ခန့်အကွာတွင်ရှိပါသည်။ ထို့အပြင် ယခုလ ဩဂုတ်လ ၂၈ ရက်နေ့က ကျွန်တော်ကိုယ်တိုင်ပဲရောက်ရှိပါတယ်။ ရောက်ရှိတဲ့အချိန်မှာ အခု မေးမြန်းတဲ့ လွှတ်တော်

ကိုယ်စားလှယ်တော်ကြီး ဒေါက်တာအောင်ခင်လည်းပါပါတယ်။ ရောက်ရှိတဲ့အခါမှာ Rural Health Centre မှာရှိတဲ့ စာရင်းဇယားတွေကိုလည်း ကျွန်တော်သေချာကြည့်လိုက်ပါတယ်။ ဝန်ထမ်းအင်အားလည်းကြည့်လိုက်ပါတယ်။ ကြည့်တဲ့အခါမှာ ဒီဥစ္စာကိုတော့ ဆက်လက်ပြီးတော့ ခုတင် ၁၆ ခုတင်တိုးဖို့ သိပ်ပြီးတော့ မလိုသေးဘူးလို့မြင်ပါတယ်။ သို့သော်လည်း ဒါကိုတော့ ကျွန်တော်တို့ အမြဲမျက်ခြေမပြတ်ဖြစ်ပါတယ်။ ဒီဆေးရုံမှာရှိတဲ့ Immunization Coverage နဲ့ ကိုယ်ဝန်ဆောင်များ မမွေးခင်ကြည့်တဲ့ ကိစ္စရပ်များကို သိတဲ့အခါမှာလည်း တော်တော်ပီပြင်စွာဆောင်ရွက်ထားတာတွေ့ရတယ်။ ထို့အပြင် ဆေးရုံမှာ Rural Health Centre မှာလုပ်တဲ့ စာရင်းဇယားကအစ တော်တော်လေးကောင်းတာကိုတွေ့ရပါတယ်။ အဲဒီတော့ ဒီအချိန်မှာ Rural Health Centre သည် ကောင်းမွန်စွာလည်ပတ်နေတာကိုတွေ့ရပါတယ်။ သို့သော်လည်း ဒီ Rural Health Centre ရဲ့ Coverage Centre က လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောတဲ့အတိုင်းပဲ တော်တော်လေး ကျယ်ပါတယ်။ ကျယ်တဲ့အတွက် ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဒေါက်တာအောင်ခင်နဲ့ပဲ အဲဒီနေ့က ဆွေးနွေးလိုက်ပါတယ်။ ဆွေးနွေးတဲ့အခါမှာ အောင်ချမ်းသာကျေးလက်ကျန်းမာရေးဌာနခွဲသည် လက်ရှိကျေးရွာအုပ်စုဟု ကျေးရွာပေါင်း ၁၀ ရွာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လွှမ်းခြုံပေးလျက်ရှိပါတယ်။ သို့သော်လည်း ဒီနေရာမှာ သူရဲ့ Catchment ဧရိယာက ၂၃ ရွာ၊ အိမ်ခြေ ၃၄၇၀၊ လူဦးရေ ၁၅၀၀၀ ကျန်းမာရေးစောင့်ရှောက်မှုကိုပေးတဲ့အတွက် ဒီဥစ္စာကိုတော့ ကျွန်တော်တို့အနေနဲ့ ကျေးလက်ကျန်းမာရေးဌာနအဖြစ်ကိုလုပ်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ။ အဲဒီတော့ ဒီကိစ္စကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံအမိန့်ရရှိရေးအတွက် ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ်လုပ်ဖို့ ကျွန်တော်တို့ ဆုံးဖြတ်ထားပြီးပါပြီ။ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**နမ်းခမ်းရွာ၊ ဒိန်ချက်ရွာ၊ မန်စွပ်ရွာများတွင် RC အဆောက်အဦ ကျေးလက်ဆေးပေးခန်းများကို ဦးစားပေးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်းမွန်ထင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးနန်မွန်ထင်(မချမ်းဘောမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးနန်မွန်ထင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မချမ်းဘောမြို့နယ်၊ နန်းခမ်းရွာ၊ ဒိန်ချက်ကျေးရွာ၊ မန်ထွပ်ကျေးရွာ ကျေးလက်ဆေးပေးခန်း RC အဆောက်အဦ ဆောက်လုပ်ပေးရေးနှင့်ပတ်သက်တဲ့ မေးခွန်း ကို မေးမြန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မချမ်းဘောမြို့နယ်ဟာ လူဦးရေနည်းပေမယ့် နယ်မြေကျယ်ဝန်ပြီး ကျေးရွာအုပ်စုတစ်ခုနှင့်တစ်ခု ဆက်သွယ်ဖို့အင်မတန်ခက်ခဲတဲ့မြို့နယ်ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ မချမ်းဘောမြို့နယ်ရှိ ကျေးရွာအများပိုင်းမှာ ကျေးလက်ဆေးပေးခန်းမရှိသဖြင့် လူနေအိမ်ကို ဆေးပေးခန်းအဖြစ် ငှားတဲ့အဆင့်သာဖြစ်ပါတယ်။ ဒေသခံပြည်သူအများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အင်မတန်အခက်အခဲနဲ့ ကြုံတွေ့နေရပါတယ်။ အချို့ကျေးရွာများမှာ မြို့နှင့်အလှမ်းဝေးသောကြောင့် ကျေးလက်ဆေးပေးခန်း မဖြစ်မနေလိုအပ်ကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ နမ်းခမ်းကျေးရွာ၊ ဒိန်ချက်ကျေးရွာ၊ မန်ခွပ်ကျေးရွာ၊ ဒီမှာ မန်ထွပ်လို့ရေးထားတဲ့ မန်ခွပ် ဖြစ်တယ်။ မန်ခွပ်ကျေးရွာများမှာ RC အဆောက်အဦ ဆေးပေးခန်းကို ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မချမ်းဘောမြို့နယ်အတွင်းရှိ နမ်းခမ်းကျေးရွာ၊ ဒိန်ချက်ရွာ၊ မန်စွပ်ရွာများတွင် Reinforce Concrete အဆောက်အဦကျေးလက်ဆေးပေးခန်းများကို ဦးစားပေးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်၍ မည်သည့်ကာလတွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းနှင့်ပတ်သက်၍ ကျွန်တော့်အနေနဲ့ ဖြေကြားပါမယ်။ ကချင်ပြည်နယ်၊ မချမ်းဘောမြို့နယ်၊ နမ်းခမ်းကျေးလက်ကျန်းမာရေးဌာနခွဲသည် တိုက်နယ်ဆေးရုံနှင့် တစ်မိုင်သာဝေးပြီး အဆောက်အဦသည် ပျက်စီးနေပြီး အသစ်ပြန်လည်ဆောက်လုပ်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင်လည်း ဒီကျေးလက်ကျန်းမာရေးဌာနခွဲတွင် လိုအပ်သော သားဖွားဆရာမနှင့် **PHS-2** ရရှိအောင် ကျွန်တော်တို့ ကြည့်ရှုပေးပါမည်။ ဒိန်ချက်ကျေးလက်ကျန်းမာရေးဌာနသည် မြို့နယ်ဆေးရုံနှင့် မိုင် ၅၀

ဝေးပြီး အဆောက်အဦသည် ပြင်ဆင်ရန်လိုအပ်ပါသဖြင့် အင်ဂျင်နီယာမှ တွက်ချက်မှုကုန်ကျစရိတ်အား စိစစ်ပြီးပါက ပြင်ဆင်ထိန်းသိမ်းစရိတ်မှ ခွင့်ပြုနိုင်သော ပမာဏအထိ ယခုနှစ်အတွင်းတွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းလည်း ပြောကြားလိုပါသည်။ ထို့အပြင်လိုအပ်သည့် သားဖွားဆရာမနှင့် **PHS-2** များကိုလည်း ရှိရန် စီစဉ်ပေးပါမည်။ မချမ်းဘောမြို့နယ်၊ မန်ထွပ်ရွာသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သက်ဆိုင်သည့် ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဖွဲ့စည်းပုံ ခွင့်ပြုမိန့်ရရှိထားခြင်း မရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြန်အောင်မြို့နယ်အတွင်းရှိ ၁၆ ခုတင်ဆံ့အဆင့် သပြေကုန်းတိုက်နယ်ဆေးရုံနှင့် ရွှေကျင်တိုက်နယ်ဆေးရုံတို့တွင် လိုအပ်သော ကျန်းမာရေးဝန်ထမ်းများခန့်ထားပေးရန်၊ ကနောင်တိုက်နယ်ဆေးရုံတွင် ဓာတ်မှန်စက်ချထားပေးရန်နှင့် ညောင်ဝိုင်းအုပ်စုအတွင်းရှိ ဆင်ကျွန်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်းဌာနခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဦးခင်မောင်လတ်၊ မြန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနကို အောက်ပါမေးခွန်းများနှင့်အတူ ဆောင်ရွက်ပေးနိုင်မှုအစီအစဉ်များကို သိရှိနိုင်ရန်အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ မြန်အောင်မြို့နယ်အတွင်းမှာရှိတဲ့ သပြေကုန်းတိုက်နယ်ဟာ မြန်အောင်မြို့နယ်အတွင်း ဧရာဝတီမြစ်ရိုးတောက်လျှောက် မြို့နယ်ရဲ့တောင်ဘက်အစွန်းမှာရှိတဲ့ တိုက်နယ်ကြီးတစ်ခုဖြစ်ပါတယ်။ ကျေးရွာပေါင်း ၇၇ ရွာ လူဦးရေ ၄၀၀၀၀ ခန့်ရှိတဲ့ တိုက်နယ်ကြီးဖြစ်ပြီး သပြေကုန်းတိုက်နယ်ဆေးရုံကို ကျန်းမာရေးစောင့်ရှောက်မှုအားကိုးမှီခိုထားရတဲ့ ဒေသဖြစ်ပါတယ်။ မြို့နယ်ဆေးရုံနဲ့ ၂၆ မိုင်ခန့်ကွာဝေးပြီး မိုးတွင်းကာလမှာ မြို့နယ်သို့ဆက်သွယ်ရန် ယနေ့အထိ ခက်ခဲကြာမြင့်တဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံရဲ့အရှေ့ဘက်ခြမ်းမှာရှိတဲ့ ရွာများဟာလည်း နှစ်စဉ်မြစ်ရေနစ်မြုပ်ပြီးတော့ ကျေးရွာများအတွင်းဟာ တိုက်နယ်ဆေးရုံသို့လာရန်အတွက်ပင် ခက်ခဲကြာမြင့်တဲ့အနေအထားမျိုးရှိပါတယ်။ ဒေသခံများက ကျန်းမာရေးလိုအပ်ချက်အတွက် စုပေါင်းပြီး ကျေးရွာလူထုထည့်ဝင်ငွေများ၊ အလှူရှင်များရဲ့ ထည့်ဝင်ငွေများနှင့် ကိုယ်ထူကိုယ်ထဆေးရုံတစ်ခုကို တည်ဆောက်ခဲ့ကြပါတယ်။ ၁၉၈၂ ခုနှစ်မှာ ၁၆ ခုတင်အဆင့်ဆေးရုံအဖြစ် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သော်လည်း ဆရာဝန်တစ်ဦးနှင့်

ဝန်ထမ်းငါးဦးခန့်ဖြင့်သာ ဆေးရုံကိုလည်ပတ်နေရပါတယ်။ ယခုအခါမှာ ဆေးရုံဖွင့်လှစ်ပြီး ၃၄ နှစ်ကြာသည့် ယနေ့အထိ လက်ထောက်ဆရာဝန်တစ်ဦး၊ သူနာပြုဆရာမနှစ်ဦးအပါအဝင် ဝန်ထမ်းကိုးဦးခန့် ခန့်ထားရန် လိုအပ်လျက်ရှိနေပါသေးတယ်။ အခြေခံဒေသပြည်သူများဟာ တတ်နိုင်သရွေ့ သံဃာဆေးရုံများ၊ လူနာအစောင့်များနားခိုရန်နှင့် ဝန်ထမ်းအိမ်ရာများကို အဆောက်အဦများကို တည်ဆောက်ထားနိုင်ခဲ့သော်လည်း ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နိုင်ခြင်းမရှိသေးပါဘူး။

မြန်အောင်မြို့နယ်အတွင်းမှာ တိုက်နယ်ဆေးရုံများအနက် ဝန်ထမ်းအိမ်ရာမရှိတဲ့ တစ်ခုတည်းသောတိုက်နယ်ဆေးရုံလည်း ဖြစ်ပါတယ်။ မြို့နယ်အတွင်းမှာ အခြားတိုက်နယ်ဆေးရုံတစ်ခုဖြစ်တဲ့ ရွှေကျင်တိုက်နယ်ဆေးရုံဟာ ၁၆ ခုတင်အဆင့်ဆေးရုံအဆင့်ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှာ ဆေးရုံကိုဖွင့်လှစ်နိုင်ခဲ့ပြီး တိုက်နယ်အတွင်းကျေးရွာပေါင်း ကျေးရွာအုပ်စု ကိုးအုပ်စုနဲ့ အိမ်ခြေ ၈၀၀၀ လူဦးရေ ၃၅၀၀၀ ခန့် မှီခိုအားထားရတဲ့ဆေးရုံလည်းဖြစ်ပါတယ်။ လေးနှစ်အကြာဖွင့်လှစ်ပြီးဖြစ်ပေမယ့် ဆရာဝန်တစ်ဦး၊ သူနာပြုဆရာမလေးဦးနဲ့ အခြားဝန်ထမ်းအဆင့်ရှစ်ဦးအား ခန့်ထားနိုင်ခြင်းမရှိသေးပါဘူး။ ဆေးရုံဖွင့်လှစ်ပြီး နှစ်နှစ်ခန့်မှာ ဝန်ထမ်းဦးရေရဲ့သုံးပုံတစ်ပုံခန့်ဖြင့်သာ လည်ပတ်နေရတဲ့ ဆေးရုံလည်းဖြစ်ပါတယ်။ မြို့နယ်ဆေးရုံနှင့် ၁၈ မိုင်ခန့်ဝေးပြီး မိုးတွင်းအခါမှာ အချိန်ကြာမြင့်စွာသွားလာရပြီး သွားလာရန်ခက်ခဲတဲ့ဒေသလည်း ဖြစ်ပါတယ်။ နောက်တစ်ခုက ကနောင်တိုက်နယ်ဆေးရုံဖြစ်ပါတယ်။ မြန်အောင်မြို့နယ်အတွင်းမှာတည်ရှိပြီးတော့ လွန်ခဲ့တဲ့ ၃၅ နှစ်ခန့်က ဖွင့်လှစ်ထားတဲ့ ဆေးရုံတစ်ခုဖြစ်ပါတယ်။ ဒီဆေးရုံမှာလည်းပဲ ၂၀၁၃ ခုနှစ်မှာ ဆေးရုံအသစ်ဆောက်လုပ်ခွင့်ကျပြီးတော့ ယခုအချိန်အထိ သူနာပြုနှစ်ဦးနှင့် အခြားအဆင့်အပါအဝင် လေးဦးခန့်ထားရန် လိုအပ်လျက်ရှိပါတယ်။ ဆေးရုံအသစ်ဆောက်လုပ်ရန်မှာ ဓာတ်မှန်ခန်းဟာ ထည့်သွင်းဆောက်လုပ်ထားခဲ့သော်လည်းပဲ ဓာတ်မှန်ချထားပေးခြင်းမရှိတဲ့အတွက် တင်ပြတောင်းဆိုမှုကို နှစ်နှစ်ဆက်တိုက်လျှောက်ထားခဲ့သော်လည်း ရရှိခြင်းမရှိဘဲ လိုအပ်လျက်ရှိနေဆဲဖြစ်ပါတယ်။ နောက်တင်ပြလိုတဲ့အချက်ကတော့ ကျေးလက်ဆေးပေးခန်းဌာနခွဲတစ်ခုဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ မြန်အောင်မြို့နယ်အတွင်းမှာရှိတဲ့ ဆင်ကျွန်းကျေးရွာဟာ မြန်အောင်မြို့နယ်၊ ညောင်ဝိုင်းအုပ်စုရဲ့ အစွန်မှာရှိတဲ့ ကျေးရွာလေးတစ်ရွာဖြစ်ပြီး ဧရာဝတီမြစ်ရဲ့အရှေ့ဘက်အခြမ်း ဧရာဝတီမြစ်ကြီးခြားလျက် မြန်အောင်မြို့နယ်အတွင်း ရှိတဲ့ရွာဖြစ်ပါတယ်။ ဒီမှာအိမ်ခြေ ၂၀၀ လောက်ရှိပါတယ်။ လူဦးရေ ၁၀၀၀ ခန့်ရှိပါတယ်။ ၎င်းအနီးမှာ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်အတွင်းမှာရှိတဲ့ ရွာပေါင်း သုံးလေးရွာခန့်ရှိပါတယ်။ အဲဒီရွာမှာလည်းပဲ ကျေးလက်ဆေးပေးခန်း မရှိပါဘူး။ နှစ်စဉ် မိုးတွင်း

**မူကြမ်း**

ကာလတောက်လျှောက် ရေနစ်မြုပ်နေတဲ့ရွာများဖြစ်ပြီးတော့ ရေနစ်မြုပ်နေတဲ့အချိန်မှာ မိုးညိုနှင့် ရွှေကျင်ကို စက်လှေနဲ့သွားရင်တစ်နာရီခွဲလောက် ဖြတ်သန်းသွားရတဲ့နေရာလေး ဖြစ်ပါတယ်။ ရေတက်ရေကျရှိတဲ့အခါများမှာ ကုန်းတစ်တန်၊ ရေတစ်တန်နဲ့ လူနာကို ထမ်းပိုးသယ်ဆောင်ပြီး သွားရပါတယ်။ နေ့အချိန်သွားရမယ်ဆိုရင် လုံးဝလွယ်ကူတဲ့ မြစ်ဖြတ်ကူးမှုတွေ လုပ်နိုင်စွမ်းရှိတဲ့ ရွာလေးဖြစ်ပါတယ်။ ဒီလိုကျေးလက်ဆေးပေးခန်းဌာနခွဲတစ်ခု ဖွင့်လှစ်ပေးမယ်ဆိုပါက သွားလာရန် ခက်ခဲတာကို ကျန်းမာရေးပြဿနာအချို့ဟာ လွယ်ကူစွာကာကွယ်ပေးနိုင်မှာဖြစ်ကြောင်း၊ ဒါကြောင့် မို့လို့ ကျန်းမာရေးဌာနအနေနဲ့ အထက်ဖော်ပြပါ ပြည်သူများရဲ့လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မှုရှိပါလျှင် မည်သည့်အချိန်တွင် မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ပေးမည် ကို ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံး ကျန်းမာကြပါစေ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မေးခွန်းများ အနည်းငယ်များတဲ့အတွက် ငါးမိနစ်အတွင်းတော့ဖြေပါမယ်။ နည်းနည်းကျော်သွားနိုင် ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြို့နယ် သပြေကုန်းတိုက်နယ်ဆေးရုံတွင် ဆရာဝန်တစ်ဦးအား ၆-၁-၂၀၁၆ ရက်နေ့မှစ၍ တာဝန်ထမ်းဆောက်လျက်ရှိပါတယ်။ ထို့အပြင် ရွှေကျင်တိုက်နယ်ဆေးရုံကို လက်ထောက်ဆရာဝန်တစ်ဦး ခန့်ထားပေးနိုင်ရေးနှင့်ပတ်သက်၍ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံ ဖွဲ့စည်းပုံတွင် လက်ထောက်ဆရာဝန်တာဝန်ခံတစ်ဦး၊ လက်ထောက်ဆရာဝန်တစ်ဦး စုစုပေါင်း နှစ်ဦး ရှိပါတယ်။ သို့သော် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် တိုက်နယ်ဆေးရုံပေါင်း ၇၂၅ ရုံရှိသည့်အနက်မှ အများစုမှာ ဆရာဝန်တစ်ဦးတည်းနှင့်သာ လည်ပတ်လျက်ရှိပါတယ်။ အချို့တိုက်နယ်ဆေးရုံများတွင် ဆရာဝန်နှစ်ဦးရှိသည်မှာ ဆရာဝန်ဇနီးမောင်နှံဖြစ်၍ ဖြစ်ခြင်းဖြစ်ပါတယ်။ သို့ပါ၍ ရွှေကျင်မြို့နယ် တိုက်နယ်ဆေးရုံအနေဖြင့် လက်ထောက်ဆရာဝန်တစ်ဦးအား ၂၀၁၅ အောက်တိုဘာလမှစ၍ ခန့်ထား ပြီးဖြစ်ပါသဖြင့် ရွှေကျင်မြို့နယ်၊ တိုက်နယ်ဆေးရုံတွင် ဆရာဝန်တစ်ဦး ထပ်မံ၍ လောလောဆယ် တော့ ခန့်ထားပေးနိုင်မည်မဟုတ်ပါ။ သို့သော်လည်း ကျွန်တော်အနေနဲ့ကတော့ ဧရာဝတီတိုင်းဒေသကြီးရဲ့

Geographical Drain ဟာ အခြားတိုင်းနှင့်ပြည်နယ်များနှင့် မတူတဲ့အတွက် ကျွန်တော်တို့က Special အထူးကိစ္စရပ်တွေနဲ့ အမြဲစဉ်းစားပါတယ်။ ဧရာဝတီတိုင်းမှာ။ သို့ဖြစ်၍ အခုဒီဟာတွေကို ကျွန်တော်ဒီလိုပြောသော်ငြားလည်း လက်တွေ့မြေပြင်အခြေအနေကို တိုင်းဦးစီးမှူးနှင့် ထပ်မံကြီးကြပ်ပြီးတော့ လိုအပ်လျှင်လိုအပ်သလို ကျွန်တော်တို့ပေးပါ့မယ်။ ပြည်သူ့ကျန်းမာရေးမှာလည်း အရာတစ်ခုကို အမြဲတစ်သမတ်တည်းချလို့မရပါဘူး။ အချိန်အခါနှင့်ပြောင်းလဲ၍ လိုအပ်နေသလို ချထားတဲ့ Criteria မူဘောင်နှင့်ကျော်ပြီးလုပ်တဲ့ ထုံးစံတွေလည်းအများကြီးရှိပါတယ်ခင်ဗျား။ ကနောင်တိုက်နယ်ဆေးရုံတွင် ဆရာဝန်တစ်ဦးအား ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ၌လည်းကောင်း၊ နောက်တစ်ဦးအား ၂၀၁၆ ခုနှစ် ဇန်နဝါရီလ၌လည်းကောင်း ခန့်အပ်ပြီးဖြစ်ပါတယ်။ နှစ်ဦးဖြစ်ခြင်းမှာ ကနောင် တိုက်နယ်ဆေးရုံ၌ရောက်ရှိလာသော ဆရာဝန်မှာ ဇနီးမောင်နှံနှစ်ဦး ဖြစ်၍ဖြစ်ပါတယ်။ ထို့အပြင် ဝန်ထမ်းအင်အားကိုကြည့်သည့်အခါမှာ သပြေကုန်းတိုက်နယ်ဆေးရုံ၏ဖွဲ့စည်းပုံအရ အထက်တန်းသူနာပြုနှစ်ဦး၊ သူနာပြုလေးဦးမှာ လစ်လပ်လျက်ရှိသော အထက်တန်းသူနာပြုတစ်ဦး၊ သူနာပြုနှစ်ဦး လစ်လပ်လျက်ရှိပါတယ်။ ဒါကိုလည်းကျွန်တော်တို့ အမြန်ဆုံးဖြည့်ဆည်းပေးပါမည်။

ရွှေကျင်တိုက်နယ်ဆေးရုံတွင် အထက်တန်းသူနာပြု ခွင့်ပြုနှစ်ဦး၊ ခန့်ထားနှစ်ဦးဖြင့် ပြည့်ပါတယ်။ သူနာပြုခွင့်ပြုလေးဦးရှိတဲ့အနက် နှစ်ဦးသာဖြစ်တဲ့အတွက် နှစ်ဦးကျန်ရှိနေပါတယ်။ ကျွန်တော်တို့ ဒါကိုလည်း အထူးစဉ်းစားပေးပါမည်။ ဘာလို့လဲဆိုတော့ ဧရာဝတီတိုင်းဖြစ်တဲ့အတွက် ဦးစားပေးပါမည်။ ကနောင်တိုက်နယ်ဆေးရုံ၏ဖွဲ့စည်းပုံအရ အထက်တန်းသူနာပြုနှစ်ဦး၊ ခန့်ထားနှစ်ဦး၊ သူနာပြုလေးဦး၊ ခန့်ထားနှစ်ဦး၊ နှစ်ဦးလစ်လပ်လျက်ရှိပါတယ်။ လစ်လပ်လျက်ရှိသော အထက်တန်းသူနာပြုနေရာတွင် ဧရာဝတီတိုင်းကုသရေးဦးစီးဌာနမှ အထက်တန်းသူနာပြုခေါ်ယူရန် စီစဉ်လျက်ရှိပါကြောင်းနှင့် သူနာပြုများနေရာတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် သူနာပြုသစ်လွင်များ ၁၈၀၀ ကျော်ခန့်သည့်အခါ လုပ်ငန်းလိုအပ်ချက်အရ ခွဲဝေပေးပြီးဖြစ်ပါတယ်။ ယခုကျွန်တော်ပြောမည်မှာ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ ဖြစ်ပါတယ်။ သပြေကုန်းတိုက်နယ်ဆေးရုံ၌ ဆေးဘက်ကျွမ်းကျင်ဓာတ်မှန်တစ်ဦး ခွင့်ပြုမရှိပါ။ ဆေးစပ်တစ်ဦး၊ ခန့်ထားတစ်ဦး ရှိပါတယ်။ ရွှေကျင်တိုက်နယ်ဆေးရုံတွင် ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းမှာ ဓာတ်မှန်ဆေးဘက်ကျွမ်းကျင်တစ်ဦး လစ်လပ်လျက်ရှိပါတယ်။ ဆေးဘက်ကျွမ်းကျင်၊ ဆေးစပ်တစ်ဦး ခန့်ထားပါတယ်။ ကနောင်တိုက်နယ်ဆေးရုံတွင် ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းမှာ ဆေးဘက်ကျွမ်းကျင်ဓာတ်မှန်တစ်ဦး လစ်လပ်လျက်ရှိပါတယ်။ ကျွမ်းကျင်၊ ဆေးစပ်ခန့်ထားပါတယ်။ သပြေကုန်းတိုက်နယ်ဆေးရုံ၊ ရွှေကျင်တိုက်နယ် ဆေးရုံ၊ ကနောင်တိုက်နယ်

**မူကြမ်း**

ဆေးရုံသုံးရုံအတွက် လွစ်လပ်နေသော ဆေးဘက်ကျွမ်းကျင်(၄)၊ ဓာတ်မှန်ဖြည့်စွက်ခန့်ထားနိုင်ရေး အတွက် သင်တန်းသားများရွေးချယ်ပြီး ခြောက်လသင်တန်းပေးရန် ဆောင်ရွက်လျက်ရှိရာ ၎င်းသင်တန်းပြီးဆုံးချိန်တွင် မြန်အောင်မြို့နယ်အတွင်းရှိ ဖော်ပြပါ တိုက်နယ်ဆေးရုံများအတွက် လိုအပ်သော ဆေးဘက်ကျွမ်းကျင်(၄)၊ ဓာတ်မှန်တစ်ဦးစီခန့်ထားနိုင်ရေးအတွက် လျာထားဆောင်ရွက် ပေးရန် ဧရာဝတီတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးသို့ အကြောင်းကြားထားပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးကုသရေးဦးစီးဌာန၏အစီအစဉ်ဖြင့် ဖြည့်စွက်ခန့်ထားမည်ဖြစ်ပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဆေးရုံတွင်လိုအပ်လျက်ရှိသော ဆေးရုံသုံး ပစ္စည်းများ၊ ဆေးရုံအဆင့်အလိုက် စံကိုက်သတ်မှတ်ချက်နှင့်အညီ စိစစ်ထောက်ပံ့ပေးလျက်ရှိပါသည်။ အကယ်၍ ဒီဆေးရုံ၊ ဆေးပေးခန်းမှာ ပစ္စည်းကိရိယာများ မရှိပါက ဒီဆေးရုံ၊ ဆေးပေးခန်းမှာ တာဝန်ခံ များသည် သက်ဆိုင်ရာတိုင်းဦးစီးမှူးကို ချက်ချင်းအကြောင်းကြားရပါမည်။ ၎င်းတို့အကြောင်းမကြား က ကျွန်တော်တို့ ဗဟိုမှမည်သို့မျှ မသိနိုင်ပါ။ တိုက်နယ်ဆေးရုံကလည်း ၇၂၅ ယောက်ရှိတဲ့အတွက် အလွန့်အလွန်များပါတယ်။ သူတို့သည် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးများကို အကြောင်းကြားမှသာလျှင် ကျွန်တော်တို့က ဆက်လက်ပြီးဆောင်ရွက်လို့ရမှာ ဖြစ်ပါသည်။ မြန်အောင်မြို့နယ် ကနောင်တိုက်နယ်ဆေးရုံသည် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖြစ်သည့်အတွက် စံကိုက်သတ်မှတ်ချက်အရ ဓာတ်မှန်စက်ထောက်ပံ့နိုင်ခြင်း မရှိသေးပါ။ ဝန်ထမ်းအိမ်ရာများ ကိစ္စကို တော့ ဆေးရုံအားလုံး တစ်ပြည်လုံးအတိုင်းအတာနှင့် နောက်နှစ်မှာဦးစားပေး ဆောင်ရွက်ဖို့ ဆုံးဖြတ် ထားပြီး ဖြစ်ပါသည်။ သပြေကုန်းတိုက်နယ်ဆေးရုံ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းမှာလည်း မရှိသေးပါ။ တစ်ဦးလစ်လပ်ရှိပါသည်။ (၅၈)ကြိမ်မြောက် ဓာတ်ခွဲစစ်ဆေးသူ ဒုတိယတန်း၊ နောက်ဆက်တွဲ သင်တန်းဆင်းများကို ၂၀၁၅-၂၀၁၆ နှစ်ကုန်ပိုင်းတွင် ခန့်အပ်ရန်လျာထားပြီးဖြစ်ပါ၍ လိုအပ်သော ဓာတ်ခွဲဝန်ထမ်းများကို လျာထားချက်မှ ဦးစားပေးခန့်ထားပေးပါမည်။ ဓာတ်ခွဲဝန်ထမ်းရောက်ရှိလာ ပါက လိုအပ်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နောက်ဆက်တွဲ တွင် ဝယ်ယူနိုင်ရန် ဗဟိုဆေးသိုလှောင်ရေးဌာနသို့ ပြောကြားပြီးဖြစ်ပါသည်။ ရရှိရန်လည်းလုပ်ပေး ပါမည်။ ကျွန်တော်တို့ သေချာစောင့်ကြပ်ပြီး ဒီကိစ္စကိုလည်း Follow Up လုပ်ပါမည်။ ရွှေကျင် တိုက်နယ်ဆေးရုံ၏ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းမှာ ဓာတ်ခွဲကျွမ်းကျင်(၄) ခွင့်ပြုတစ်ဦး၊ ခန့်ထားတစ်ဦး ဖြစ်ပါသည်။ သို့သော်လည်း လိုအပ်သောဓာတ်ခွဲခန်းသုံးပစ္စည်းများက ယခုဘဏ္ဍာရေးနှစ် နောက်ဆက်တွဲတွင် ဝယ်ယူနိုင်ရန် ဗဟိုဆေးသိုလှောင်ရေးဌာနသို့လည်း အကြောင်းကြားထားပြီး

ဖြစ်ပါတယ်။ ကနောင်တိုက်နယ်ဆေးရုံ၏ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းမှာ ခွင့်ပြုတစ်ဦး၊ ခန့်ထားတစ်ဦး ဖြစ်သည့်အတွက် ပြည့်စုံလျက်ရှိပါသည်။

ဒုတိယမေးခွန်းဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ် ဆင်ကျွန်းကျေးရွာတွင် ကျူးတောကျေးလက်ကျန်းမာရေးဌာနခွဲ လက်အောက်ရှိ ကျေးရွာငါးရွာမှာ တစ်ရွာဖြစ်ပြီး၊ ရွှေကျင် တိုက်နယ်ဆေးရုံနှင့် ခုနစ်မိုင်၊ ကျူတောကျေးလက်ကျန်းမာရေးဌာနနှင့် ခုနစ်မိုင် အကွာအဝေးတွင် ရှိပြီး အကျိုးပြုမည့်ကျေးရွာ ငါးရွာ စုစုပေါင်း အိမ်ခြေ ၇၆၇ အိမ်၊ စုစုပေါင်းလူဦးရေ ၂၈၉၇ ဦးအား အခြေခံပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိပြီး မြေပြင် တွင်မြန်အောင်မြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ပါက မိုးတွင်းကာလတွင် သွားလာရေးခက်ခဲသည်မှလွဲ၍ ဦးစားပေးရမည့် ကျန်းမာရေးပြဿနာများ ဖြစ်သော သဘာဝဘေးကပ်ရောဂါအသွင် ပြည်သူ့ကျန်းမာရေးပြဿနာများ မကြာခဏဖြစ်ပွားခြင်း မရှိသောကြောင့်လည်းကောင်း၊ လက်ရှိတွင်ကျန်းမာရေးဌာနဆောက်လုပ်ရန် မြေနေရာမရှိခြင်း၊ အနီးဆုံးကျန်မာရေးဌာနများမှ ကျန်းမာရေးစောင့်ရှောက်မှုကို မပေးနိုင်ခြင်းကြောင့် ဧရာဝတီ တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဌာနဆောက်လုပ်ရန် မြေနေရာရရှိလာ ပါက ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်မည်ဖြစ်ကြောင်းလည်းတင်ပြလိုပါသည်။

ထို့အပြင် ကျွန်တော် တစ်ခုပြောလိုသည်မှာ ဧရာဝတီတိုင်းကို ဦးစားပေးအစီအစဉ်နဲ့ ကျွန်တော်တို့အနေနဲ့ 3MDG မှ ၁.၄ မီလီယံဒေါ်လာ ရရှိပါသည်။ ဒီ ၁.၄ မီလီယန် US ဒေါ်လာကို ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ကျေးလက်ကျန်းမာရေးငါးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၀ ခု ကို ဆောက်ပေးသည့်အပြင် ယင်းကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲမှရရှိသည့် ပစ္စည်းများကို လည်း ဖြည့်ဆည်းပေးရန် သဘောတူညီချက်ရရှိထားပြီးဖြစ်သည့်အတွက် မကြာခင်စတင် ဆောင်ရွက်မည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများ၏ အပြောင်းအရွှေ့ဆိုင်ရာမူဝါဒအား တရားမျှတ မှုနှင့်ဘက်လိုက်မှုကင်းစွာ စီမံထားခြင်းရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာထွန်းလင်းမော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာထွန်းလင်းမော်(ကြံခင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ

အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါရစေ။ ကျွန်တော်ကတော့ ကြံခင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများ၏ အပြောင်းအရွှေ့ဆိုင်ရာမူဝါဒအား တရားမျှတမှုနှင့် ဘက်လိုက်မှုကင်းစွာစီမံထားခြင်းရှိ/မရှိကိစ္စအား မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါကိစ္စနှင့်ပတ်သက်လို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို မေးမြန်းရခြင်းမှာ ယခင်အစိုးရနှင့် လွှတ်တော်သက်တမ်းတွင်လည်း ယခုကဲ့သို့မေးခွန်းမျိုးမေးမြန်းခဲ့ပါတယ်။ အဲဒီအခါမှာ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူမှ ပုံမှန်လုပ်ထုံးလုပ်နည်းများကိုသာ ဖြေကြားခဲ့ပြီးတော့ လက်တွေ့မြေပြင်အခြေအနေမှာ ဝန်ထမ်းများ အပြောင်းအရွှေ့ကိစ္စနှင့်ပတ်သက်၍ တရားမမျှတမှုများ၊ ဘက်လိုက်မှုများဖြစ်ပေါ်နေတာကို တွေ့မြင်၊ ကြားသိခဲ့ရပါတယ်။ ယင်းကိစ္စနှင့်ပတ်သက်၍ အလေးပေးမေးမြန်းရခြင်း၊ နောက်တစ်ချက်ကတော့ ကျန်းမာရေးဝန်ထမ်းများအနေနဲ့ အလုပ်ခွင်တွင် မပျော်ပိုက်ခြင်း၊ စွမ်းဆောင်ရည်ကျဆင်းခြင်း၊ အလုပ်မှထွက်စာတင်ခြင်း၊ အလုပ်မှထုတ်ပယ်ခံရခြင်း စတဲ့အချက်တွေထဲမှာ အဓိကကျတဲ့အကြောင်းတစ်ရပ်ဖြစ်နေတာကို တွေ့မြင်နေရတဲ့အတွက်ကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အဲဒီအပြင် ဝေးလံခေါင်းပါးသောဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်မယ့်သူများ နည်းပါးခြင်း၊ မသွားရောက်လိုခြင်းတို့ဟာလည်း အပြောင်းအရွှေ့မူဝါဒများရဲ့ မမျှတမှုများကြောင့်ဖြစ်နေတာကို တွေ့မြင်နိုင်ပါတယ်။ တစ်ဆက်တည်း ဆက်လက်တင်ပြလိုတာကတော့ ဝေးလံခေါင်းပါးဒေသတွေမှာ တာဝန်ထမ်းဆောင်မယ့်ဝန်ထမ်းတွေအတွက် လစာနှစ်ဆပေးခြင်းဟာ အဓိကဖြေရှင်းနည်းမဟုတ်ပါဘူး။ မပြောင်းမီကြိုတင်ညှိနှိုင်းခြင်း၊ အပြောင်းအရွှေ့စနစ်ကိုသာ စနစ်တကျမှန်ကန်စွာလုပ်ဆောင်ပေးမယ်ဆိုပါက ဝန်ထမ်းများအနေနဲ့ အလှည့်ကျစနစ်ကို လက်ခံကျင့်သုံးလိုက်နာနိုင်မှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွမ်းကျင်သောကျန်းမာရေးဝန်ထမ်းတစ်ဦးဖြစ်ရန်အတွက် အချိန်ပေးပြီးတော့ လေ့ကျင့်ရပါတယ်။ သို့သော်လည်း အပြောင်းအရွှေ့မူဝါဒကြောင့် ကျွမ်းကျင်ဝန်ထမ်းများ အလုပ်မှနုတ်ထွက်ခြင်း၊ ထုတ်ပယ်ခံရခြင်းတို့ဟာ ပြည်သူလူထုနှင့်တိုင်းပြည်အတွက်ရော၊ သက်ဆိုင်ရာဝန်ကြီးဌာနအတွက်ပါ တန်ဖိုးရှိလှတဲ့ လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုတွေကို ဖြစ်ပေါ်စေပါတယ်။ အဲဒီအပြင် ယခင်နှစ်ပေါင်းများစွာမှ ယနေ့အချိန်ထိ သက်ဆိုင်ရာအာဏာပိုင်များနှင့် ရင်းနှီးကျွမ်းဝင်သော၊ ကျန်းမာရေးလောကမှ လုပ်ပိုင်ခွင့်ရှိသူများနှင့်

ရင်းနှီးမှုရှိတဲ့တချို့ဝန်ထမ်းတွေဟာ အပြောင်းအရွှေ့စနစ်မှာ နေရာကောင်းတွေမှာသာ အချိန်ကြာမြင့်စွာ တာဝန်ထမ်းဆောင်ရခြင်း၊ ပြောင်းရွှေ့သောအခါတွင်လည်း နေရာကောင်းများတွင်သာ လှည့်ပတ်ပြောင်းရွှေ့နေရခြင်းများကိုလည်း လေ့လာတွေ့မြင်နိုင်ပါတယ်ခင်ဗျား။ ယင်းမမျှတမှုများကိုအခြေပြု၍ အပြောင်းအရွှေ့နှင့်ပတ်သက်၍ အဂတိလိုက်စားမှုများ၊ အကျင့်ပျက်ခြစားမှုများ ကျယ်ပြန့်လာတာကိုလည်း ဝမ်းနည်းဖွယ်တွေ့မြင်၊ ကြားသိရပါတယ်ခင်ဗျား။ မြင့်မြတ်သောအသက်မွေးဝမ်းကျောင်းမှု (Noble Profession)လို့ခေါ်တဲ့လုပ်ငန်းနဲ့ အသက်မွေးကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ကြားမှာ ယင်းကဲ့သို့သောမမျှတမှုများ၊ ဘက်လိုက်မှုများရှိနေခြင်းဟာ ပညာရေးနယ်ပယ်တစ်ခုလုံးအတွက်ရော၊ လူမှုပတ်ဝန်းကျင်အတွက်ပါ အနုတ်လက္ခဏာဆောင်နေတာကို တွေ့မြင်နိုင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းအပြောင်းအရွှေ့နှင့်ပတ်သက်၍ စည်းကမ်းဥပဒေများအတိုင်း တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်မှုများမှာ အားနည်းချက်များရှိနေခဲ့ပါသောကြောင့် ယခုပြည်သူ့အစိုးရလက်ထက်မှာ အဂတိကင်းသော၊ ဘက်လိုက်မှုကင်းသော၊ မှန်ကန်သောအပြောင်းအရွှေ့မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် စီမံထားခြင်းရှိ/မရှိအား ပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်အတတ်နိုင်ဆုံး ငါးမိနစ်အတွင်းဖြေကြားပါမယ်။ သို့သော် တစ်မိနစ်ခန့်ပိုသွားရင်လည်း ထပ်ပြီးပေးစေလိုပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် အမှုထမ်းဝန်ထမ်းများဖြစ်သော ဘက်စုံဝန်ထမ်း၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)၊ (၂)၊ သားဖွား/သူနာပြုဆရာမများ၊ လက်ထောက်ကျန်းမာရေးမှူးများ၊ ကုသရေးအထောက်အကူများဖြစ်သည့် ဓာတ်မှန်၊ စာရေးဝန်ထမ်း၊ ဓာတ်ခွဲအပြောင်းအရွှေ့ကိစ္စများကို တိုင်းဒေသကြီး/ပြည်နယ်အတွင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက ကြီးကြပ်ကာဆောင်ရွက်ခြင်းဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်ခြား ပြောင်းရွှေ့ခြင်းများ တာဝန်ချထားရာတွင် လုပ်သက်အနည်းဆုံး နှစ်နှစ်ရှိမှသာ

လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဦးစီးဌာနရုံးချုပ်၊ ဗဟိုဦးစီးဌာနရုံးချုပ်များသို့ တင်ပြခြင်း၊ ဖွံ့ဖြိုးမှုနည်းပါးသော ပြည်နယ်နှင့် ဝေးလံခက်ခဲသောဒေသများသို့ တာဝန်ချထားသော အခြေခံကျန်းမာရေးဝန်ထမ်းနှင့် အမှုထမ်းများကို သက်ဆိုင်ရာတာဝန်ချထားရာ၌ လုပ်သက်အနည်းဆုံး တစ်နှစ်ပြည့်က ပြန်လည်ပြောင်းရွှေ့ရန် သက်ဆိုင်ရာဦးစီးဌာနရုံးချုပ်၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ပေးပါသည်။ ဒီကိစ္စကို ကျွန်တော်တို့အနေနဲ့ သိရသည်မှာ ဝေးလံခေါင်းပါးမှာတာဝန်ချထားပြီး တစ်နှစ်ကျော်လျှင်လည်း ပြန်မခေါ်သည့်ကိစ္စရပ်များဖြစ်ပါသည်။ ဒီကိစ္စဟာ ကျွန်တော်တို့ အခုလက်ထက်မှာတော့ တော်တော်များများမဖြစ်အောင်ပေါ့။ လုံးဝဆိုတာတော့ ကျွန်တော် မသုံးချင်ပါဘူး။ မဖြစ်အောင် ကျွန်တော်တို့ ကိုယ်တိုင်ကြီးကြပ်ပါမယ်။ တစ်နှစ်ပြီးရင် ပြည့်တာနဲ့ ကျွန်တော်တို့ပြန်ခေါ်ပါမယ်။ သို့ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အတွင်း လိုအပ်ချက်အရ ကောင်း/သင့်/ညံ့ ခွဲခြား၍ အနေကြာကာလတစ်ခု သတ်မှတ်ကာ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ပြောင်းရွှေ့ခြင်းကိုလည်းကောင်း၊ ယခုအခါ အခြေခံကျန်းမာရေးဝန်ထမ်း ပြောင်းရွှေ့ရာတွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခက်ခဲဒေသအပေါ်မူတည်၍ A, B, C, D သတ်မှတ်ပြီး အနေကြာကာလတစ်ခု၊ လုပ်ငန်းစွမ်းဆောင်ရည် စသည့်အချက်များပေါ်တွင် အလှည့်ကျစနစ်ဖြင့် ပြောင်းရွှေ့ရန်မူဝါဒများ ဆောင်ရွက်ရန်စီစဉ်ဆောင်ရွက်နေပါသည်။ ဒီနေရာမှာ ကျွန်တော် တစ်ချက်ပြောလိုသည်မှာ ဝေးလံခက်ခဲသောဒေသတွင် တစ်နှစ်ထမ်းဆောင်ရန် တာဝန်ချသော်လည်း ၎င်းတို့သည် တစ်နှစ်မပြည့်မီမှာ ခွင့်ယူသွားခြင်း၊ အခြားကိစ္စရပ်များနှင့် တစ်နှစ်မပြည့်ပါက တစ်နှစ်မပြည့်လျှင် ကျွန်တော်တို့ပြန်မခေါ်ပါ။ လုံးဝ လုပ်ချိန်တစ်နှစ်ရှိမှသာလျှင် ကျွန်တော်တို့ ပြန်ခေါ်ပါမည်။ ထိုကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခက်ခဲဒေသပေါ်မူတည်၍ A, B, C, D၊ ကောင်း/သင့်/ညံ့ ခွဲခြားသတ်မှတ်ရာတွင် သက်ဆိုင်ရာအခြေခံဝန်ထမ်းများ၏ သဘောထားများကိုလည်း ရယူ၍ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤကိစ္စကို ကျွန်တော်တို့ အားလုံးဆုံးဖြတ်ပြီးလို့ရှိရင် Transparent ဖြစ်အောင် ဝန်ထမ်းများအားလုံးကိုလည်း ကျွန်တော်တို့ အကြောင်းကြားထားမည်ဖြစ်ပါသည်။

အရာထမ်းများ/ဆရာဝန်များ၏ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးမြှင့်ခြင်းကိစ္စရပ်များကို ကျွန်တော်တို့ သုံးဆင့်ပြုလုပ်ပါသည်။ ပထမအဆင့်အနေဖြင့် သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ညွှန်ကြားရေးမှူးများပါဝင်သော စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး၌ ပဏာမဆွေးနွေးဆုံးဖြတ်ပါသည်။ အဲဒီနောက် အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းများနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၉-၅-၂၀၁၆၊ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၆)

ဖြင့် ရာထူးတိုးမြှင့်စိစစ်ရေးကော်မတီတွင် အမြဲတမ်းအတွင်းဝန် ဥက္ကဋ္ဌအဖြစ်ပါဝင်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် သက်ဆိုင်ရာဘာသာရပ်အလိုက် ပါမောက္ခ/ဌာနမှူးများပါဝင်သည့် ကော်မတီတွင် ဦးစီးဌာနအသီးသီးနှင့် ဆေးနှင့်နှီးနွှယ်တက္ကသိုလ်များရှိ ဘာသာရပ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသူများ၏ ရာထူးအဆင့်အလိုက် စုစုပေါင်းလုပ်သက်၊ လက်ရှိရာထူးလုပ်သက်နှင့် ဘွဲ့လွန်ရရှိသည့်နှစ်အလိုက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီ တွက်ချက်ပြီး တန်းစီဇယားပြုစုပြီး ရာထူးအလိုက် လစ်လပ်စာရင်းအင်းအပေါ် မူတည်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ညွှန်ကြားရေးမှူးချုပ်များပါဝင်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဗဟိုစီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုပါသည်။ ဤအတည်ပြုချက်ဆုံးဖြတ်ပြီး ရရှိပါက အမိန့်ကြော်ငြာစာများထုတ်၍ ဆောင်ရွက်ပေးပါသည်။ ဝေးလံခေါင်ဖျားဒေသတွင် တာဝန်ထမ်းဆောင်နေသူများအား တစ်နှစ်ပြည့်လျှင် ၎င်းတို့ဆန္ဒပြုသောနေရာ သို့မဟုတ် ၎င်းတို့ဆန္ဒပြုသောနေရာနှင့်အနီးဆုံးမြို့သို့ ပြန်လည်ပြောင်းရွှေ့ပေးပါသည်။ ဥပမာ ဝေးလံခေါင်းပါးဒေသတွင် တာဝန်ထမ်းဆောင်ချိန်တစ်နှစ်ပြည့်ပြီးသော ဆရာဝန်တစ်ဦးသည် မြို့ကြီးတစ်ခုခုသို့ ပြန်လည်ရွှေ့ရန် လျှောက်ထားလာပါက အဆိုပါမြို့၌ လက်ရှိတာဝန်ထမ်းဆောင်နေသောဆရာဝန်သည် သုံးနှစ်ကျော် တာဝန်ထမ်းဆောင်နေပါက ဝေးလံခေါင်းပါးမှ ပြန်လည်ဝင်ရောက်မည့် အရာထမ်းအတွက် အခြားနေရာသို့ ပြောင်းရွှေ့ပေးပါသည်။ ပြောင်းရွှေ့ပေးရမည့်ဆရာဝန်၏ လုပ်ရည်ကိုင်ရည်ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ပါသည်။

သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် အရာထမ်း/အမှုထမ်းများ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်အပေါ် အောက်ပါအတိုင်း မူများသတ်မှတ် ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) ဝေးလံခေါင်းပါးဒေသတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် တာဝန်ကျသည့်ဒေသတွင် တစ်နှစ်ပြည့်မှ ပြောင်းရွှေ့ခွင့်ဆောင်ရွက်ပေးပါသည်။

(ခ) ခက်ခဲမှုမရှိသည့် သာမန်ဒေသများအနေဖြင့် အနည်းဆုံး တာဝန်ကျဒေသတွင် နှစ်နှစ်ပြည့်ပြီးမှ ပြောင်းရွှေ့ရန်ဆောင်ရွက်ပေးပါသည်။

(ဂ) ဒေသပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရေး တင်ပြမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ၏ သဘောထားမှတ်ချက်အရလည်းကောင်း၊

ပြောင်းရွှေ့လိုသည့်နေရာ လစ်လပ်မှုအခြေအနေအရ အတတ်နိုင်ဆုံးပြောင်းရွှေ့ရေးကို ဆောင်ရွက်ပေးကြောင်းလည်း ပြောကြားလိုပါသည်။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးများအား ကျွန်တော်မေတ္တာရပ်ခံလိုသည်မှာ တရားမျှတမှုမရှိမှုများ၊ ဘက်လိုက်မှုကိစ္စများ၊ လာဘ်စားမှုကိစ္စများကို တွေ့ရှိပါက ကျွန်တော့်ထံသို့ တိုက်ရိုက်အကြောင်းကြားပါ။ သက်ဆိုင်ရာကို ကျွန်တော်စုံစမ်းပြီး မှန်လို့ရှိရင် သင့်တင့်တဲ့အရေးယူမှုများကို ကျွန်တော်ပြုလုပ်မည်ဖြစ်ကြောင်း ယခုနေရာမှ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာထွန်းလင်းမော်(ကြံခင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးရဲ့ ပြည့်စုံစွာဖြေကြားချက်အပေါ်မှာ လေးလည်းလေးစားပါတယ်။ ကျေးဇူးလည်းတင်ပါတယ်ခင်ဗျား။ ဒါပေမဲ့ ကျွန်တော်တို့ လက်ရှိဖြစ်နေတဲ့ အနေအထားတစ်ခုက ဝန်ကြီးကလည်း အထက်ကနေပြီးတော့ ပြောင်းလဲချင်ပါတယ်။ အောက်ခြေက ဝန်ထမ်းတွေကလည်း ပြောင်းလဲချင်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးရဲ့စီမံမှု၊ ညွှန်ကြားမှုတွေကို ဆောင်ရွက်မယ့် အလယ်ကလူတွေ ပြောင်းလဲဖို့လည်းလိုပါသေးတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဝန်ကြီးကို ဆက်စပ်မေးခွန်းတစ်ခုအနေနဲ့ တောင်းဆိုချင်တာကတော့ အခု အပြောင်းအရွှေ့ရေးရာကိစ္စတွေမှာ ကျေနပ်မှုမရှိတဲ့၊ နစ်နာမှုရှိတဲ့ဝန်ထမ်းတွေအနေနဲ့ ဝန်ကြီးကို စာအားဖြင့်သော်လည်းကောင်း၊ ဖုန်းအားဖြင့်သော်လည်းကောင်း၊ E-mail Account ကသော်လည်းကောင်း၊ Facebook Account ကသော်လည်းကောင်း တိုက်ရိုက်ဆက်သွယ်နိုင်မယ့် ဆက်သွယ်ရေးလမ်းကြောင်းလေးတစ်ခု ဝန်ကြီးအနေနဲ့ ဖွင့်ပေးနိုင်ခွင့်ရှိ/မရှိ သိလိုပါတယ်။ ဒါကတစ်ချက်ပါ။ ဒုတိယအချက်က ကျွန်တော်တို့ ဒီ Transfer Period တွေဟာ များသောအားဖြင့်က ဒီဇင်ဘာ၊ ဇန်နဝါရီမှာကိုင်တဲ့အတွက်ကြောင့် ကလေးရှိတဲ့၊ ကျောင်းသားရှိတဲ့မိဘတွေမှာ အပြောင်းအရွှေ့လုပ်တဲ့နေရာမှာ ကလေးတွေစာမေးပွဲမပြီးတဲ့အတွက်ကြောင့် အခက်အခဲရှိပါတယ်။ အဲဒီအတွက်ကြောင့် ဝန်ထမ်းတွေရဲ့ မိမိဆန္ဒအလျောက်ပြောင်းတာ၊ လုပ်ငန်းလိုအပ်ချက်အရပြောင်းတာ၊ အရေးပေါ်အခြေအနေအရပြောင်းတာကလွဲလို့ ပုံမှန်အများစုလုပ်မယ့်အပြောင်းအရွှေ့တွေကို ကလေးများ ကျောင်းဖွင့်ချိန်၊ ပိတ်ချိန်နဲ့ ကိုက်ညီအောင် စီမံပေးနိုင်ခြင်းရှိ/မရှိ ဒီနှစ်ချက်ကိုမေးမြန်းလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောကြားတဲ့အချက်များကို ကျွန်တော် အားလုံးသဘောတူပါတယ်။ ကျွန်တော် ဆက်လက်ဆောင်ရွက်ပေးပါမယ်။ ဆက်သွယ်ရေးလမ်းကြောင်းအနေနဲ့လည်း ယခုလည်း ကျွန်တော်ရရှိနေပါတယ်။ ကျွန်တော့်ကို အမြဲတမ်း E-mail, Messenger, Telephone နဲ့ အမြဲ ကျွန်တော် Information ရပါတယ်။ ဒီ Information ကိုရတဲ့အခါမှာ ကျွန်တော်တို့ ချက်ချင်း ဆရာဝန် လောကမှာ ဒူးကိုတူနဲ့ထုလိုက်ရင် ဒီလို Knee Jerk reaction ကျွန်တော်မလုပ်ပါဘူး။ ရရှိတဲ့ Information မှန်လား/ မှားလား စဉ်းစားဆုံးဖြတ်ပြီးမှ ကျွန်တော်ဆက်လက်ဆောင်ရွက်ပါမယ်။ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အချက်များကို အားလုံးလည်း သဘောတူပါတယ်။ ကျွန်တော် ဆက်လက်ဆောင်ရွက်ပေးပါမယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ကလည်း ခုနက သက်ဆိုင်ရာဝန်ကြီး ပြောကြားသလိုပဲ အထောက်အထားခိုင်ခိုင်လုံလုံနဲ့ တင်ပြနိုင်တယ်၊ တိုင်ကြားနိုင်တယ်၊ စာပို့နိုင်တယ် လို့ အစွမ်းကုန်ပြောပြီးပြီ။ အဲဒီတော့ ကိုယ်တို့လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့က လေနဲ့ပြောပြီး လေထဲမှာမပျောက်ဖို့လည်းလိုတယ်။ ပြောတော့ပြောနေကြတာပဲ သို့သော်လည်း လက်တွေ့ကျကျ ထိထိမိမိ၊ ပိုင်ပိုင်နိုင်နိုင် အကောင်အထည်ဖော်ဖို့လိုတယ်။ အဲဒီလိုအကောင်အထည်ဖော်နိုင်မှလည်း ဒီလိုပြုပြင်ပြောင်းလဲမှုကိုရောက်မှာ။ မေးတယ်။ ဆွေးနွေးတယ်။ လေနဲ့ပြောတယ်။ နောက်ပြီးတော့ လေထဲမှာပဲပျောက်သွားတယ်။ အဲဒါမျိုးမဖြစ်ဖို့တော့ ကျွန်တော်တို့ကိုယ်စားလှယ်တွေဘက်မှာလည်း တာဝန်ရှိတယ်။ Check and Balance ဆိုတာ ဒါကိုပြောနေတာ။ ဒီလို မေးရုံ၊ ဆွေးနွေးရုံနဲ့ Check and Balance လို့ပြောတာမဟုတ်ဘူး။ ကိုယ်ကလည်း နောက်ကနေ Parliamentary Oversight က ကိုယ့်မှာတာဝန်ရှိတယ်။ ကိုယ့်မဲဆန္ဒနယ်နဲ့ပတ်သက်လို့၊ ကိုယ့်နေရာနဲ့ကိုယ်ပတ်သက် လို့ အဲဒါကို ကိုယ့်ဘက်ကလည်း တာဝန်ကျေကျေလုပ်ပေးဖို့တော့လိုတယ်။ တာဝန်ကျေကျေ လုပ်မပေးဘဲနဲ့တော့ ယေဘုယျတွေမေးပြီးတော့ ယေဘုယျတွေပဲပြောသွားမယ်ဆိုရင်တော့ ယေဘုယျပဲဖြစ်မှာပါ။ အဲဒါ တော့ ကျွန်တော်တို့ကိုယ်စားလှယ်များလည်း ကိုယ့်ရဲ့တာဝန်နှင့်လုပ်ပိုင်ခွင့်ကို သေသေချာချာ ကျေညက်အောင် လေ့လာပါ။ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေမှာပါပါတယ်။ ကိုယ့်တာဝန်နှင့် လုပ်ပိုင်ခွင့် ပြီးလို့ရှိရင် အဲဒီတာဝန်နှင့်လုပ်ပိုင်ခွင့်ကိုလည်း ကိုယ့်ဘက်ကလည်း သေသေသပ်သပ်၊ တိတိကျကျ အုပ်ချုပ်ရေးပိုင်းကို ဝင်ရောက်စွက်ဖက်တာမျိုးမဟုတ်ဘဲနဲ့ Parliamentary Oversight

အရ လုပ်နိုင်တဲ့ဟာတွေ အများကြီးရှိတယ်။ အဲဒါလေးကိုလည်း ကျွန်တော်တို့ သေချာလုပ်ပေးစေချင်ပါတယ်။ ဒါ အားလုံးကို ကျွန်တော် ဒီနေရာမှာ တစ်ဆက်တစ်စပ်တည်း အသိပေးခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပေးတဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က အခြေခံပညာရေးဥပဒေရေးဆွဲရာတွင် ကောင်းမွန်ပြည့်စုံပြီး လူထုသဘောထားအမြင်၊ အကြံဉာဏ်များနှင့် ပူးပေါင်းပါဝင်မှုများထင်ဟပ်သော ဥပဒေကောင်းတစ်ရပ်ပေါ်ထွန်းရေးအတွက် လူထုလူတန်းစားအလွှာစုံပါဝင်သော အခြေခံပညာရေးဆွေးနွေးပွဲအဆင့်ဆင့်ကိုကျင်းပရန် အစိုးရအားတိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာမောင်သင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခြေခံပညာရေးဥပဒေရေးဆွဲရာတွင် ကောင်းမွန်ပြည့်စုံပြီး လူထုသဘောထားအမြင်၊ အကြံဉာဏ်များနှင့် ပူးပေါင်းပါဝင်မှုများထင်ဟပ်စေသော ဥပဒေကောင်းတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် လူထုလူတန်းစားအလွှာစုံပါဝင်သော အခြေခံပညာရေးဆွေးနွေးပွဲများကျင်းပပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူးပြုပြီး Power Point အသုံးပြုခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်သွင်းရတဲ့ပထမအကြောင်းအရင်းကတော့ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေပုဒ်မ ၂၉ တွင်အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၈ ပုဒ်မခွဲ(ခ)ကို ပြင်ဆင်ထားတဲ့အချက်ထဲကမှ ပညာရေးနှင့်သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများနှင့် အခြားလုပ်ထုံး၊ လုပ်နည်းများကို ရေးဆွဲရာတွင် မိဘပြည်သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာလူ့အဖွဲ့စည်းများမှ ကိုယ်စားလှယ်များ၊ ဆရာများကရွေးချယ်သောကိုယ်စားလှယ်များနှင့်

ကျောင်းသားများကရွေးချယ်သော ကိုယ်စားလှယ်များ၏အကြံပြုချက်ကိုရယူပြီး ပြည်သူလူထုအား ကျယ်ပြန့်စွာသိရှိစေရန် ဆောင်ရွက်ခြင်းလို့ပါရှိပါ၍ ဥပဒေကိုလေးစားလိုက်နာစေလိုသည့်အတွက် ကြောင့် တင်သွင်းရခြင်းဖြစ်ပါတယ်။

ဒုတိယအချက်အနေဖြင့် ကျွန်တော်တို့ အမျိုးသားပညာရေးဥပဒေ(၂၀၁၄)ကိုရေးဆွဲတဲ့ အချိန်တုန်းက အခြေခံပညာရေး၊ ကျောင်းပြင်ပပညာရေး၊ တက္ကသိုလ်ပညာရေး၊ ဆရာအတတ်သင်၊ ဝန်ထမ်းရေးရာစသည့် ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့ ဖွဲ့ပြီးတော့ဆွေးနွေးမှုများပြုလုပ်ခဲ့ပါတယ်။ ထို့အတူ လူထုလူတန်းစားအလွှာစုံပါဝင်တဲ့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆွေးနွေးပွဲများလည်း ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် လွှတ်တော်၊ NEER၊ ဆရာကိုယ်စားလှယ်များ၊ ကျောင်းသားကိုယ်စားလှယ် များစသည့် လူထုလူတန်းစားအလွှာစုံ ပါဝင်ဆွေးနွေးခဲ့တာရှိခဲ့ကြပါတယ်။ ဒါပေမဲ့လည်း လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး သိပြီးဖြစ်တဲ့အတိုင်းပဲ ကျောင်းသားများရဲ့ဆန္ဒပြတောင်းဆိုမှုများ၊ လေးပွင့်ဆိုင်ဆွေးနွေးမှုများ အမျိုးသားလွှတ်တော်တွင် ကျောင်းသားများအပါအဝင် လူထုလူတန်းစား များ၊ နိုင်ငံရေးပါတီများကို ဖိတ်ကြားပြီးတော့ ကြားနာဆွေးနွေးမှုများ ပြုလုပ်ခဲ့ရပါတယ်။ နောက်ဆုံး မှာတော့ ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ အမျိုးသားပညာရေးဥပဒေထုတ်ပြန် ပြီးတဲ့ ၁၀ လခန့်အကြာမှာ ပြင်ဆင်သည့်ဥပဒေအား ထပ်မံပြီးတော့ ထုတ်ပြန်ခဲ့ရသည့်အဖြစ်မျိုး ကြုံတွေ့ခဲ့ရပါတယ်။ ဒါဟာ လူထုလူတန်းစားအလွှာရဲ့ ဆန္ဒအစုံပါဝင်မှုအားနည်းတဲ့အတွက် အသုံး မပြုရသေးသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ရတယ်ဆိုတာကို ဖော်ပြနေခြင်းပါ။ ဒီလို အဖြစ်မျိုး နောက်ထပ်မပေါ်ပေါက်စေရန်အတွက် ယခုကတည်းက ကျွန်တော်တို့အနေနဲ့ ပြင်ဆင် ဆောင်ရွက်ရန်လိုအပ်လိမ့်မယ်လို့ ယူဆပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်အနေနဲ့ အခြေခံပညာရေးဥပဒေဟာ နိုင်ငံအနှံ့ အပြားမှာရှိတဲ့ဒေသစုံ၊ တိုင်းရင်းသားပေါင်းစုံ လှဲနေလှေအောင်းမြင်းဇောင်းမကျန် လက်တွေ့ အကောင်အထည်ဖော်ရမယ့်ဥပဒေပါ။ နှစ်စဉ် အခြေခံပညာကျောင်းသား ၈.၈ သန်းကျော် လေ့ကျင့် ပေးနေတဲ့ပညာရေးပါ။ ၈.၈ သန်းနှင့်အတူ မိဘပေါင်းလိုက်လို့ရှိရင် တိုက်ရိုက်ပါဝင်ပတ်သက်နေတာ ၂၆ သန်းဖြစ်တဲ့အတွက်ကြောင့် မြန်မာ့လူဦးရေရဲ့တစ်ဝက်ခန့် ပါဝင်ပတ်သက်နေပါတယ်။ ပြီးတော့ လည်းပဲ သက်မွေးပညာရေး၊ တက္ကသိုလ်ပညာရေးစတဲ့ပညာရေးအားလုံးရဲ့ ခိုင်မာရမယ့်အခြေခံ အုတ်မြစ်တစ်ချပ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာအားလုံးရဲ့ဆန္ဒရယ်၊ အကြံဉာဏ်ရယ်ပါဝင် တယ်လို့ ထင်မြင်မိပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထအချက်အနေနဲ့ ယနေ့ပညာရေးကို ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်နေတဲ့အခါသမယမှာ အခြေခံပညာရေးမှာ ခိုင်မာတဲ့မူဝါဒနှင့် ရည်မှန်းချက်ချမှတ်ရန် ပြည်သူ့အလွှာပေါင်းစုံရဲ့ အကြံဉာဏ်နှင့် ပြည်သူ့ဆန္ဒများရယူရန်လိုအပ်တဲ့အချိန်ဖြစ်ပါတယ်။ ပြီးတော့ လက်ရှိအခြေအနေမှာ ကျွန်တော်တို့တစ်နိုင်ငံလုံး ပညာတတ်နိုင်ငံတော်ဆိုတဲ့ Educated Nation ဖြစ်ထွန်းလာစေရန်ဆိုတဲ့ရည်မှန်းချက်လည်း ပျောက်ကွယ်နေပါတယ်။ ပြီးတော့ ဆရာဆရာမရဲ့အရည်အသွေးဆိုင်ရာပြဿနာတွေ၊ သင်ရိုးညွှန်းတမ်းနှင့်သင်ပြနည်းစနစ်ဆိုင်ရာအဆင့်အတန်း ကွာဟမှုတွေစတဲ့ပြဿနာတွေလည်း ကြုံတွေ့နေရပါတယ်။ ပြီးတော့ အရည်အသွေးအကဲဖြတ်ခြင်းနှင့်စစ်ဆေးခြင်းခေတ်မမီမှု၊ ကျောင်းသားကျောင်းသူများရဲ့ အလွတ်ကျက်စနစ်နဲ့ ဆရာရဲ့ဗဟိုပြုသင်ကြားရေးလွှမ်းမိုးမှု၊ ကိုယ့်အားကိုယ်ကိုးမှုနှင့်စဉ်းစားတွေးခေါ် တီထွင်နိုင်မှုအားနည်းခြင်း၊ အရည်အသွေးအာမခံမှုမရှိခြင်း၊ အရည်အသွေးထိန်းသိမ်းရေး၊ ပြင်ပအဖွဲ့အစည်းများမရှိခြင်းနှင့် နှစ်စဉ်ကျောင်းထွက်နှုန်း ၂.၇ သန်းရှိနေခြင်း၊ ပြီးတော့ တက္ကသိုလ်ဝင်တန်းကိုနှစ်စဉ်ဖြေတဲ့လူဟာ ခြောက်သိန်းကျော်ကျော်သာရှိတဲ့အတွက်ကြောင့် ၈.၈ သန်းကနေပြီးတော့ ၈.၁ သန်း အခြေခံပညာပြီးဆုံးမှုမရှိခြင်းစတဲ့အချက်တွေကို တွေ့ရှိနေရပါတယ်။

ထို့အပြင် ပြည်သူ့နီတိနှင့် စာရိတ္တ Life Skill သင်ကြားမှုအားနည်းတဲ့အတွက် အခြေခံလူ့ကျင့်ဝတ်များလျော့နည်းလာကာ ပြည်သူပြည်သားကောင်း ပေါ်ထွန်းရေးဆိုတဲ့ Good Citizen ပေါ်ထွန်းလာမှုအားနည်းလာပါတယ်။ ဒါ့အပြင် ဖတ်စာအုပ်တွေရဲ့အရည်အသွေးတွေ နိမ့်ကျနေခြင်းကြောင့် ကလေးတွေရဲ့စိတ်ဝင်းစားမှုအားနည်းပါတယ်။ ရာထူးတိုးအပြောင်းအရွှေ့တို့တွင် တိကျသောစနစ်အားနည်းနေပါတယ်။ ထို့အပြင် အဆင့်ဆင့်သောပညာရေးအကြီးအကဲများရဲ့ စီမံခန့်ခွဲမှုဆိုင်ရာအားနည်းမှုများ၊ ခက်ခဲမှုများစတဲ့စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ အဲဒီစိန်ခေါ်မှုတွေကို ဖြေရှင်းရန်အတွက် အခြေခံပညာရေးဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး စနစ်တကျဖြေရှင်းရန်လိုအပ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဥပဒေရေးဆွဲပြီးဖြေရှင်းတဲ့နေရာမှာ လူထုလူတန်းစားအလွှာစုံဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ လက်တွေ့ရင်ဆိုင်နေရတဲ့ ဆရာဆရာမများ၊ မိဘများ၊ ပညာရေးကိုတတ်ကျွမ်းနားလည်တဲ့ပညာရှင်များ၊ ကျောင်းသူကျောင်းသားကိုယ်စားလှယ်များ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရဲ့ ဆရာတော်ကိုယ်စားလှယ်များ၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကိုလိုလားတဲ့ ပညာရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ပညာရေးဝန်ထမ်းအဆင့်ဆင့်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကျောင်းကိုယ်စားလှယ်များစတဲ့ အလွှာစုံပါဝင်တဲ့ပညာရေးဆွေးနွေးပွဲများကို အောက်ခြေ

မူကြမ်း

မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဗဟိုအဆင့်ဆွေးနွေးပွဲများ ဆောင်ရွက်သွားဖို့ လိုအပ်မယ်လို့မြင်မိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆွေးနွေးပွဲကရရှိလာတဲ့ရလဒ်များကို ဥပဒေကြမ်းပြုစုသည့်အဖွဲ့များကို ပေးပို့ခြင်းအားဖြင့် ရရှိလာမယ့်အကျိုးကျေးဇူးတွေကတော့ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေပုဒ်မ ၂၅ ကို လေးစားလိုက်နာခြင်း၊ ဗဟိုဦးစီးစနစ်ဖြင့် ရေးဆွဲခြင်းမဟုတ်တဲ့အတွက်ကြောင့် ပြည်သူကိုဗဟိုပြု၍ ပြည်သူ့အသံကိုလေးစားလိုက်နာခြင်း၊ တစ်မျိုးသားလုံး၏ပညာရေးမျှော်မှန်းချက်များကို ထင်ဟပ်စေခြင်း၊ ထို့အတူ အားလုံးပါဝင်ဆောင်ရွက်တဲ့အတွက်ကြောင့် တစ်နိုင်ငံလုံးလွှမ်းခြုံသည့် တိုင်းရင်းသားလူမျိုးနှင့် လူထုလူတန်းစားအလွှာပါဝင်ခြင်း၊ ပြီးတော့ ပညာရေးကဏ္ဍအသီးသီးကို ဆက်စပ်လွှမ်းမိုးနိုင်ခြင်း၊ နောက် ပြည်သူပြည်သားကောင်းပေါ်ထွန်းရေးနှင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းဖြစ်ထွန်းရေးကို ဖော်ဆောင်နိုင်မည့်အစီအမံများဖြစ်ခြင်းနှင့် ကုလသမဂ္ဂရဲ့ ထောင်စုနှစ်ရည်မှန်းချက်ဖြစ်တဲ့ လူတိုင်းအကျုံးဝင်ပညာရေးကိုဖော်ဆောင်နိုင်ခြင်း အစရှိသည်တို့ကို ရရှိလာမှာဖြစ်ပါတယ်။ ဒီ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ နိဂုံးချုပ်အနေဖြင့် ယခင်ရှိပြီးသား အမျိုးသားပညာရေးဥပဒေရေးဆွဲစဉ်က ကြုံတွေ့ရတဲ့ အခက်အခဲများကို နမူနာယူပြီးတော့ တစ်မျိုးသားလုံး ပါဝင်ရေးဆွဲပြီး ရေရှည်ဖွံ့ဖြိုးမှုကိုဦးတည်သည့်၊ ပြည့်စုံကောင်းမွန်သည့် ဥပဒေတစ်ရပ်ပေါ်ထွန်းလာရေးအတွက် အခြေခံပညာရေးဥပဒေရေးဆွဲရာတွင် လက်ရှိနိုင်ငံရဲ့အခြေအနေ၊ ပြည်သူ့အသံနှင့်အကြံများကို ထင်ဟပ်စေမည့် ဥပဒေတစ်ရပ်ပေါ်ထွန်းလာစေရေးအတွက် လူထုလူတန်းစားအလွှာပေါင်းစုံပါဝင်သော အခြေခံပညာရေးဆွေးနွေးပွဲများ ကျင်းပပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမောင်သင်း တင်သွင်းသွားတဲ့အဆိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးနန်မွန်ထင်(မချမ်းဘောမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်မွန်ထင် ဖြစ်ပါတယ်။ အခု ကျွန်တော့်အနေနဲ့ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း တင်သွင်းသွားတဲ့

အခြေခံပညာရေးဥပဒေရေးဆွဲရာတွင် ကောင်းမွန်ပြည်စုံပြီး ပြည်သူလူထုသဘောထားအမြင်၊ အကြံဉာဏ်များနှင့်ပူးပေါင်းမှုများ ထင်ဟပ်သော ဥပဒေကောင်းတစ်ရပ်ပေါ်ထွန်းလာစေရန်အတွက် လူထုလူတန်းစားအလွှာပေါင်းစုံပါဝင်သော အခြေခံပညာရေးဆွေးနွေးပွဲအဆင့်ဆင့်ကိုကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အချက်သုံးချက်လောက် တင်ပြဆွေးနွေးလိုပါတယ်။ ပထမအချက်အနေနဲ့ ဆွေးနွေးလိုတာကတော့ ဥပဒေတစ်ရပ်ဟာ လက်တွေ့မှာ အကောင်အထည်ဖော်နိုင်မယ့် ဥပဒေဖြစ်ရပါမယ်။ ယခု ရေးဆွဲမယ့်အခြေခံပညာရေးဥပဒေဟာ (၁) နိုင်ငံတော်လူဦးရေရဲ့တစ်ဝက် ကျော်ကျော်ပါဝင်ခြင်း၊ (၂) ပညာရေးအဆင့်အားလုံး၏ အခြေခံအုတ်မြစ်နဲ့ အဓိကမဏ္ဍိုင် ဥပဒေဖြစ်ခြင်း၊ (၃) လူတော်လူကောင်း(Good Person)နှင့် ပြည်သူပြည်သားကောင်း(Good Citizen)၊ ဒီမိုကရေစီစိတ်ဓာတ်ပိုင်ထားသူများ (Good Democrat) များ မွေးထုတ်ခြင်းအတွက် အခြေခံ အကျဆုံးဥပဒေလည်းဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံဖွံ့ဖြိုးမှုအစပြုသည့် မဏ္ဍိုင်ဖြစ်တဲ့ အခြေခံပညာ ရေးကို လက်တွေ့အကောင်အထည်ဖော်မယ့် ဆရာဆရာမများ၊ မိဘပြည်သူများ၊ ပညာရေးဖွံ့ဖြိုးမှု မိတ်ဖက်များရဲ့ မြေပြင်ပေါ်တွင် တွေ့ကြုံနေရသော အခက်အခဲများ၊ အတွေ့အကြုံများ၊ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများနဲ့ တိုင်းရင်းသားများရဲ့ ယဉ်ကျေးမှုအဖုံဖုံ၊ ဘာသာစကားများကို သုံးသပ်ပြီး ရေးဆွဲမှသာလျှင် တကယ်ပြည်သူထဲတွင် အသက်ဝင်လာမယ့်ဥပဒေတစ်ရပ်ဖြစ်လာမယ်။ တစ်နည်းအားဖြင့်ဆိုရသော် ယခု တင်သွင်းသွားတဲ့ဥပဒေဟာ လက်တွေ့အကောင်အထည်ဖော်သူများ ကိုယ်တိုင် ပါဝင်ရေးဆွဲသဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှု လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ ဥပဒေဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

ဒုတိယအချက်အနေနဲ့ ဆွေးနွေးလိုတာကတော့ လက်တွေ့အကောင်အထည်ဖော်နေသော ဆရာဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် မိဘပြည်သူများ၊ ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအားလုံး ပါဝင်ရေးဆွဲမှသာလျှင် ပြည်သူကိုဗဟိုပြုသော တစ်မျိုးသားလုံးရဲ့ ပညာရေးရည်မှန်းချက်များကို ထင်ဟပ်စေသည့်ဥပဒေတစ်ရပ်ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ တတိယအချက်အနေနဲ့ ဆွေးနွေးလိုတာကတော့ အခု အဆိုရှင်တင်သွင်းသွားတဲ့ အခြေခံပညာရေးတွင် တွေ့ကြုံနေရသော ပြဿနာများ၊ အခက်အခဲများကို ဥပဒေရေးဆွဲရာတွင် လူထုလူတန်းစားအလွှာပေါင်းစုံပါဝင်မှသာလျှင် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မယ့်ဥပဒေဖြစ်လာပါမယ်။ နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ နှစ်ပေါင်းများစွာ ပညာရေးလောကတွင် တာဝန်ထမ်းဆောင်နေသူများ၊ မြေပြင်

အခြေအနေကို အမှန်တကယ်သိရှိသူများ ပါဝင်ရေးဆွဲမှသာလျှင် ရေရှည်ဖွံ့ဖြိုးမှုကိုဦးတည်ပြီး ကောင်းမွန်ပြည့်စုံသည့်ဥပဒေတစ်ရပ်ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ အဲဒါကြောင့် အဆိုရှင် ဒေါက်တာမောင်သင်း၏ လူထုလူတန်းစားအလွှာပေါင်းစုံပါဝင်သော အခြေခံပညာရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်၌ လက်ခံဆွေးနွေးသင့်ကြောင်း လေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါက်တာမောင်သင်း တင်သွင်းတဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသော အခြေခံပညာရေးဥပဒေရေးဆွဲရာတွင် ကောင်းမွန်ပြည့်စုံပြီး လူထုသဘောထားအမြင်၊ အကြံဉာဏ်များနှင့်ပူးပေါင်းမှုများ ထင်ဟပ်သော ဥပဒေကောင်းတစ်ရပ်ပေါ်ထွန်းရေးအတွက် လူထုလူတန်းစားအလွှာပေါင်းစုံပါဝင်သော အခြေခံပညာရေးဆွေးနွေးပွဲအဆင့်ဆင့်ကိုကျင်းပရန် အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၆-၉-၂၀၁၆ ရက်(တနင်္လာနေ့) ညနေ ၁၆:၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၂၁-၉-၂၀၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉) ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (၄၀) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ၁၁း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှုကြမ်း**